# မြဝတီ နေ့စဉ်

မုန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၄၀)

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်သမားများ၏အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှု၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်

## အကြမ်းဖက်သမားများ၏အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့အပါအဝင် ပတ်ဝန်းကျင်ရှိကျေးရွာများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ တတ်စွမ်းသရွေ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထုတို့မှလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လို

နေပြည်တော် စက်တင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့်ဆီဆိုင်မြို့နယ်များအတွင်း ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည့် PNLO အဖွဲ့၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဒေသခံတိုင်းရင်းသားပြည်သူများနေထိုင်ရာ မြို့၊ရွာ၊ ရပ်ကွက်များတွင် တိုက်ပွဲများဖော်ဆောင်ခြင်း၊ သာသနိကအဆောက်အဦများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ထိုသို့ ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်ဒေသတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ **စာမျက်နှာ ၅ ကော်လံ ၁ ⏭**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆီဆိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း။




မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်
Customs Duty ပေးဆောင်မှုများအား
MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

အငြိမ်းစား လစာအပါအဝင်
ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ
မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၁၈၊ ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၅ ရက်)

## ပြည်သူတစ်ရပ်လုံး၏အားပေးထောက်ခံမှုနှင့်အတူ

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့်စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်သည့်သတင်းများကို နိုင်ငံတစ်ဝန်းတွင်တွေ့မြင်နေရသည်။ ထိုမြင်ကွင်းများကိုကြည့်ခြင်းအားဖြင့် ပြည်သူလူထု၏တပ်မတော်အပေါ်ထားရှိသော စိတ်ရင်းစေတနာအမှန်များကိုလည်း ထင်ရှားစွာတွေ့မြင်ရသည်။ အားပေးစကားများ၊ အားပေးသည့်စာကဗျာများ၊ သီချင်းများမှာလည်း အားတက်ဖွယ်ဖြစ်သည်။

မျက်မှောက်ကာလတွင် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ၌ မဲမသမာမှုကြောင့်ဖြစ်ပေါ်လာသော နိုင်ငံရေးအပြောင်းအလဲကိုအကြောင်းပြု၍ နိုင်ငံအတွင်းသာမန်ဆန္ဒပြရာမှ မင်းမဲ့စရိုက်ဆန်သည့် ဆူပူလှုပ်ရှားမှုများဖြစ်ပေါ်ခဲ့သည်။ မဲမသမာမှုကြောင့် နိုင်ငံရေးအရအရေးပေါ်အခြေအနေဖြစ်ပေါ်ခဲ့ခြင်းကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဖြေရှင်းရန်လုပ်ဆောင်သည်မှာ ပညာတတ်ဉာဏ်နှင့်စဉ်းစားချင့်ချိန်နိုင်မှုနည်းပါးခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။ နိုင်ငံတော်အကျိုးကိုမကြည့်ဘဲ လက်နက်ကိုင်အကြမ်းဖက်မှုများဖြင့် နိုင်ငံတော်၏ အနာဂတ်ကိုဖျက်ဆီးနေကြခြင်းပင်ဖြစ်သည်။ အဖျက်သမားဆိုသည်မှာ အဖျက်စိတ်သာရှိပြီး နိုင်ငံ့မျက်နှာကိုမကြည့်သူများဖြစ်သည်။

အကြမ်းဖက်သမားများက တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ပြုလုပ်နေချိန်တွင် EAO လက်နက်ကိုင်အဖွဲ့အချို့က ထိုအခြေအနေကိုအခွင့်ကောင်းယူပြီး နယ်မြေချဲ့ထွင်သိမ်းပိုက်နိုင်ရေးကြိုးပမ်းလာကြသည်။ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကိုငြင်းပယ်ပြီး တပ်မတော်လုံခြုံရေးစခန်းများကို အင်အားသုံးတိုက်ခိုက်ခဲ့သည်။ တည်ငြိမ်အေးချမ်းနေသောမြို့ရွာများကို စစ်ဘေးဒဏ်သင့်အောင်လုပ်ဆောင်ခဲ့သည်။ လမ်းတံတားများ၊ လူနေအိမ်များ၊ ဆေးရုံ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများကို တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ စစ်ဘေးရှောင်နှင့် ဒေသခံပြည်သူများကိုခြိမ်းခြောက်ပြီး ကလေးသူငယ်များကို အဓမ္မစစ်အတွင်းသွတ်သွင်းလျက်ရှိသည်။

ပြည်ပမှအမျိုးသားသစ္စာဖောက်များနှင့်ပြည်ဖျက်မီဒီယာများပူးပေါင်းပြီး တပ်မတော်အင်အားချည့်နဲ့အောင်၊ ပြည်သူလူထုစိတ်မချမ်းမသာဖြစ်အောင် ဝါဒဖြန့်ချိရေးများပြုလုပ်လျက်ရှိသည်။ တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာပြည်ကြီးတည်ငြိမ်အေးချမ်းရေးအတွက် အသက်၊ သွေး၊ ချွေးများရင်းနှီးပေးဆပ်ပြီး ကာကွယ်ပေးကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် မျိုးချစ်စိတ်ရှိသည့်ပြည်သူများမှာ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေသည့်သူရဲကောင်းများဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသော နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြသောသူများဖြစ်သည်။

တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပြည်သူများမှပေါက်ဖွားလာသည့်အဖွဲ့အစည်းဖြစ်သည်။ သမိုင်းကြောင်းအရ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးကြိုးပမ်းရင်း စတင်သန္ဓေတည်ခဲ့သည်။ မြန်မာနိုင်ငံကို အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံပေါ်ပေါက်လာရန် တိုက်ပွဲဝင်ခဲ့သည်။ လွတ်လပ်ပြီးနောက်တွင်လည်း အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန်နှင့် ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်၊ ပြည်ပကျူးကျော်မှုအန္တရာယ်များကို အသက်၊ သွေး၊ ချွေးပေးဆပ်ပြီး ကာကွယ်စောင့်ရှောက်ခဲ့သည်။ ပစ္စုပ္ပန်နှင့်အနာဂတ်တွင်လည်း ကာကွယ်စောင့်ရှောက်နေမည်သာဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက်သာမက လိုအပ်သည့်ကာလတိုင်းတွင် အမျိုးသားနိုင်ငံရေးတာဝန်အဖြစ် အုပ်ချုပ်ရေး၊ တည်ဆောက်ရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်များကိုပါ ထမ်းဆောင်ပေးရသည်။ သမိုင်းကြောင်းတစ်လျှောက် နိုင်ငံအတွင်းတရားဥပဒေစိုးမိုးရေးပျက်သုဉ်းလာချိန်တွင် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များလုံခြုံမှုကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့သည်မှာ တပ်မတော်သာဖြစ်သည်။ သောင်းကျန်းသူနှိမ်နင်းရေးသာမက မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကိုလည်း အမျိုးသားရေးတာဝန်အဖြစ်စွန့်လွှတ်စွန့်စားထမ်းဆောင်လျက်ရှိသည်။

တပ်မတော်၏စွမ်းပကားမြင့်မားစေရန်၊ အစဉ်ရှင်သန်ထက်မြက်စေရန်၊ အရည်အသွေးရောအရေအတွက်ပါတိုးတက်ကောင်းမွန်စေရန်၊ တပ်မတော်သားများ၏ စိတ်ဓာတ်ခွန်အားများ မြင့်မားနေစေရန် ပြည်သူများကတစ်ခဲနက်အားပေးလျက်ရှိသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်။ တိုင်းပြည်အင်အားရှိမှ ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲမည်ဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တပ်မတော်၏ ယုံကြည်ချက်၊ ခံယူချက်အဖြစ်သတ်မှတ်ပြီး တာဝန်ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ ထိုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူအတွက်တရားသောစစ်ကိုဆင်နွှဲနေသောတပ်မတော်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်သူတစ်ရပ်လုံးက အားပေးထောက်ခံဂုဏ်ပြုလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

**ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၂၅) ရက်သာ လိုတော့သည်။**

---

### ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သော ပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

---

### ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှုစစ်ဆေး

ဒိုက်ဦး စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးညွှန့်တကောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေကို စက်တင်ဘာလ ၃ ရက်တွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ဦးညွှန့်တကောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာပြည်သူလူထုနေ့စဉ်အသုံးပြုသွားလာရမည့်လမ်းဖြစ်သောကြောင့် လမ်းရေရှည်တည်တံ့စေရန်၊ ပျက်စီးမှုမရှိအောင်အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားကြရန်နှင့် သန့်ရှင်းသောသောက်သုံးရေ ရေရှည်စဉ်ဆက်မပြတ်သုံးစွဲနိုင်ရေးအတွက်ရည်ရွယ်ကာ ရေသန့်စင်စက်ကိုတပ်ဆင်ဆောင်ရွက်ပေးထားခြင်းဖြစ်သည့်အတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်း၍ အကျိုးရှိရှိအသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင်းလမ်း အရှည်ပေ ၁၄၁၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မကို ဂဝံခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ သိန်း စုစုပေါင်းငွေကျပ် ၁၅၆ သိန်းဖြင့် ခရိုင်/ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ကြရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

---

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ညောင်လေးပင် စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ဇီးကုန်းကြီးကျေးရွာအုပ်စု ဇီးကုန်းကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို စက်တင်ဘာလ ၄ ရက်တွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် ဝန်ထမ်းများက ဇီးကုန်းကြီးကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင်၊ ပျက်စီးမှုမရှိအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် သန့်ရှင်းသောသောက်သုံးရေ ရေရှည်စဉ်ဆက်မပြတ် သုံးစွဲနိုင်ရေးအတွက်ရည်ရွယ်၍ ရေသန့်စင်စက်ကိုလည်း တပ်ဆင်ဆောင်ရွက်ပေးထားခြင်းဖြစ်သောကြောင့် အားလုံးဝိုင်းဝန်းထိန်းသိမ်းပြီး အကျိုးရှိရှိအသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

ဇီးကုန်းကြီးကျေးရွာ၌ အရှည်ပေ ၇၅၀၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်း နှစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို VDP စီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေတို့ကို အသုံးပြုပြီး ခရိုင်/ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇွန်လပထမပတ်မှ စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စိန်လွင် (ကျေးလက်)

# ပင်းတယမြို့နယ်၌ စီးပွားဖြစ်စိုက်ပျိုးသည့် ဈေးကွက်ဝင် Medicinal Marigold ပန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ပင်းတယ စက်တင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ Medicinal Marigold ပန်းမျိုးများကို စီးပွားဖြစ် ဧကအများအပြားစိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း Medicinal Marigold ပန်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ပြောပြချက်အရ သိရသည်။

Medicinal Marigold ပန်းများကို မြောက်အမေရိကတိုက်၌ စတင်စိုက်ပျိုးကြပြီး မျိုးစိတ်ပေါင်း ၅၀ အနက် စီးပွားဖြစ်စိုက်ပျိုးသည့် မျိုးစိတ်ငါးမျိုးရှိကြောင်း၊ ပန်းပွင့်အရောင်များမှာ အဝါရောင်၊ အနီရောင်နှင့် လိမ္မော်ရောင်ဟူ၍ရှိပြီး ယခုစိုက်ပျိုးထားသည့်အမျိုးအစားမှာ လိမ္မော်ရောင်ဖြစ်ကြောင်း၊ Medicinal Marigold ပန်းစိုက်ပျိုးရာတွင် မျိုးစေ့များကို ပျိုးပေါင်ဖြင့်ပျိုးထောင်ပြီး အပင်အမြင့် ၄ လက်မကျော်လာပါက စိုက်ခင်းအတွင်းသို့ မြေခံအဖြစ် နွားချေးနှင့် ဘိုကာရှိ မြေဆွေးများရောထည့်ကာ ပျိုးပင်များကို ပင်ကြား ၃ ပေ၊ တန်းကြား ၁ ပေထား၍ စိုက်ပျိုးရကြောင်း သိရသည်။

ထိုသို့ ပြောင်းရွှေ့စိုက်ပျိုးပြီး တစ်လခွဲ၊ နှစ်လခန့်အကြာ အပင်မှ အဖူး၊ အပွင့်များ ဖူးပွင့်လာချိန်တွင် စတင်ဆွတ်ခူးရောင်းချနိုင်ကာ မြေတစ်ဧကလျှင် ပျိုးပင် တစ်သောင်းခွဲခန့်စိုက်ပျိုးပြီး အပင်အရွယ်အစားနှင့်အပွင့်အရေအတွက်ပေါ်မူတည်၍ တစ်လလျှင် လေးကြိမ်နှင့်အထက် ဆွတ်ခူးရောင်းချနိုင်ကြောင်း၊ ယခုအခါ ပန်းပွင့်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ ဖြင့် ရောင်းချရကြောင်း၊ Medicinal Marigold ပန်းများ စတင်ဖူးပွင့်လာသည့်အချိန်မှစ၍ ပန်းခင်းအတွင်း အလှဓာတ်ပုံများလာရောက်ရိုက်ကူးလိုသည့် ဒေသခံပြည်သူများနှင့်ခရီးသွားပြည်သူများအား ဝင်ကြေးကောက်ခံ၍ ရိုက်ကူးခွင့်ပြုထားရာ အလှဓာတ်ပုံ လာရောက်ရိုက်ကူးသူများပြားလျက်ရှိကြောင်း သိရသည်။

ရဲထက်ဦး(ပြန်/ဆက်)

# မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံရှေးဦးပြုစုခြင်း သင်တန်းကို စက်တင်ဘာလ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပိုင်းအလုပ်အမှုဆောင်ကြက်ခြေနီ တပ်ဖွဲ့မှူးချုပ်(တာဝန်) ဦးကျော်မိုးကြည်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။


ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက မေတ္တာစံအိမ်ရှိ သင်တန်းသားများအတွက် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) များနှင့် ဓာတ်ဆားထုပ်များ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုသည် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ လေ့ကျင့်သင်ကြားပေးထားသည့် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးများနှင့် ဖွဲ့စည်းထားသည့်အသင်းဖြစ်ပြီး အဆိုပါအသင်းအနေဖြင့် မူးယစ်ဆေးဖြတ်သင်တန်းသားများအား ရုပ်ပိုင်းဆိုင်ရာ သာမက စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်ရည်ရွယ်၍ အသိပညာရှင်၊ အတတ်ပညာရှင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများ၊ သင်တန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် အခြေခံရှေးဦးပြုစုခြင်းသင်တန်းတွင် မေတ္တာစံအိမ်ရှိ မူးယစ်ဆေးဖြတ်သင်တန်းသားများအား အခြေခံရှေးဦးပြုစုနည်းဆိုင်ရာများကို စက်တင်ဘာလ ၄ ရက်မှ ၆ ရက်အထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ရေး | (၇.၈၀)လက်မ |
| ထားဝယ် | (၂.၈၇)လက်မ |
| လပွတ္တာ | (၂.၇၂)လက်မ |
| သထုံ | (၂.၅၆)လက်မ |
| ပြင်ဦးလွင် (ဇီးပင်ကြီး) | (၁.၈၉)လက်မ |
| ချောင်းဆုံ | (၁.၈၆)လက်မ |
| ဘားအံ | (၁.၈၁)လက်မ |
| ကျိုက္ကမီ | (၁.၇၇)လက်မ |
| ခန္တီး | (၁.၆၅)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၅ |
| ရှမ်း(မြောက်) | ၂၃ | ၃၄ |
| ရှမ်း(အရှေ့) | ၂၂ | ၃၃ |
| ရှမ်း(တောင်) | ၁၉ | ၂၈ |
| ချင်း | ၁၅ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၅ |
| နေပြည်တော် | ၂၆ | ၃၅ |
| မန္တလေး | ၂၇ | ၃၅ |
| မကွေး | ၂၅ | ၃၅ |
| ရခိုင် | ၂၄ | ၃၂ |
| ပဲခူး | ၂၃ | ၃၄ |
| ရန်ကုန် | ၂၄ | ၃၂ |
| ဧရာဝတီ | ၂၃ | ၃၀ |
| ကယား | ၂၂ | ၃၃ |
| ကရင် | ၂၄ | ၃၃ |
| မွန် | ၂၄ | ၃၂ |
| တနင်္သာရီ | ၂၃ | ၂၉ |

# စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ ပြပွဲ ပြိုင်ပွဲများဆောင်ရွက်

ဘိုကလေး စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို စက်တင်ဘာလ ၃ ရက်က ဘိုကလေးမြို့ အမှတ်(၈) ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းသို့ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ ဘိုကလေးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က စာပေ၏အကျိုးကျေးဇူးများအား အသိပညာပေးဟောပြောသည်။

ထို့နောက်ဟောပြောပွဲသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင်များအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က အမှတ်တရဆုလက်ဆောင်များပေးအပ်သည်။

ပြိုင်ပွဲများအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ၊ ကဏ္ဍစုံစာအုပ်စာပေများ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများ၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များအပါအဝင် ကဏ္ဍစုံနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

## ကျေးရွာနှစ်ရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**မိုင်းတုံ စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုံပါကျင်ကျေးရွာနှင့် မောက်စလီကျေးရွာတို့၌ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးရရှိစေမည့် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ကျေးရွာများ၌ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။


ထိုသို့ စစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့်အင်ဂျင်နီယာဝန်ထမ်းများသည် ပုံပါကျင်ကျေးရွာ၌ ရေထွက်ပင်ရင်းမှ ကျေးရွာအထိ အရှည် ၂ မိုင် ၃ ဖာလုံရှိ ရေပိုက်လိုင်းများ သွယ်တန်းခြင်းနှင့်အလျား ၂၅ ပေ၊ အနံ ၅ ပေ၊ အမြင့် ၃ ပေရှိ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မောက်စလီကျေးရွာ၌ ရေထွက်ပင်ရင်းမှ ကျေးရွာအထိ အရှည် ၃ မိုင် ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် အလျား ၂၅ ပေ၊ အနံ ၅ ပေ၊ အမြင့် ၃ ပေရှိ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာနှစ်ရွာရှိ ရေရရှိရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်းကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန်နှင့် ရေပေးဝေရေး စနစ်အား နည်းစနစ်မှန်ကန်စွာသုံးစွဲနည်းတို့ကို ဆွေးနွေးမှာကြားသည်။

မိုင်းတုံခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများအတွက် နှစ်စဉ်နွေရာသီကာလအတွင်း ရေရှားပါးသည့် ပြဿနာများပြေလည်စေရန်နှင့် သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိစေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၂၈ ဒသမ ၆၅ သန်း အကုန်အကျခံကာ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကာရံ(ကျေးလက်)**



## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ကျိုင်းတုံ စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာလ ၃ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဝင်းကျော်သူက ကျိုင်းတုံမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်လှစ်ဆောင်ရွက်မည့်အခြေအနေများ၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များက ကျိုင်းတုံမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအား ကောက်ယူနိုင်ရေးအတွက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးခန်း၌ စက်တင်ဘာလ ၃ ရက်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအစည်းအဝေးကျင်းပကြောင်းသိရသည်။

အစည်းအဝေးတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးလွင်မိုးကလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးအောင်အောင်ထွန်းက လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းနှင့် ပတ်သက်၍လည်းကောင်း၊ သန်းခေါင်စာရင်းသင်တန်းကို စက်တင်ဘာလ ၁၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းတွင် အသုံးပြုမည့် ပစ္စည်းများကို ဖွင့်ပွဲနေ့တွင် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင် ဦးကျော်ဇံဝေက သန်းခေါင်စာရင်းသင်တန်းဖြင့် ပတ်သက်၍သင်တန်းတက်ရမည့်သင်တန်းသားများအားလုံးအကြောင်းကြားထားပြီးကြောင်းနှင့် လိုအပ်သည်များကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇင်မြင့်၊ ဝင်းဝင်းခိုင်**

## လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြော

**ကျိုင်းလပ် စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလပ်မြို့ အခြေခံပညာအထက်တန်းကျောင်း (ဝမ်နတ်)၌ စက်တင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် တာချီလိတ်ခရိုင် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် တာချီလိတ်ခရိုင် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ ရဲအုပ်ကျော်သန်းနိုင်က လူကုန်ကူး/လူမှောင်ခိုလူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးသူပွဲစားများ စည်းရုံးလေ့ရှိသည့် အလေ့အထများ၊ ပြည်တွင်းလူကုန်ကူးမှု၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ လူကုန်ကူးခံခဲ့ရပြီး ဖော်ထုတ်ခဲ့သည့် မှုခင်းဖြစ်စဉ်များအား ရှင်းလင်းဟောပြောပြီး “ပုခက်လွှဲခွင့်မရသောလက်၊ တိတ်ဆိတ်ခြင်း၏နောက်ကွယ်” ပညာပေး video Clip များ ပြသသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျိုင်းလပ်မြို့ အခြေခံပညာအထက်တန်းကျောင်း(ဝမ်နတ်)မှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**စန်းစန်းမြင့်(ပြန်/ဆက်)**

## မိုင်းယန်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရန် တိုင်းတာခြင်းလုပ်ငန်းများစစ်ဆေး

**မိုင်းယန်း စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေပြင်အခြေအနေနှင့်ကိုက်ညီသောခန့်မှန်းခြေစာရင်းများပြုစုနိုင်ရန်နှင့် လူထုအတွက် အမှန်တကယ်အကျိုးပြုသောလုပ်ငန်းများဖြစ်စေရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရန် တိုင်းတာခြင်းလုပ်ငန်းများကို စက်တင်ဘာလ ၃ ရက်တွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မိုင်းလွေကျေးရွာအုပ်စု ယန်းခိုင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်ကျော်၊ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ယန်းခိုင်ကျေးရွာတွင် အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရန်အတွက် မြေပြင်အခြေအနေများနှင့် Feasibility Survey (FS) တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယန်းခိုင်ကျေးရွာရှိ အဆိုပါကျေးလက်ကုန်ထုတ်လမ်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် လျာထားအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်/ထွက်ကုန်များ ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်အတွင်းသို့ လျင်မြန်စွာ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။



**မောင်ခိုင်**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

ကျွန်တော်တို့နှစ်ယောက် ရွှေတူချိုင်အလွန် ရေစပ်စပ်ကလေးစီးနေသည့် ရေစီးချောင်းကလေး တစ်ချောင်းကို ဖြတ်သန်းလိုက်ကြသည်။ ချောင်းကလေးကိုကျော်ပြီးတာနဲ့ ပင်လယ်ကမ်းစပ်ကျောက်တန်းကြီးနဲ့ တစ်ဆက်တည်းတည်ရှိနေသော ကျောက်တောင်ကြီးတစ်ခုက ဆီးတားနေသည်။

''သား ဟိုမှာကြည့်လိုက်စမ်း အဲဒါ ပြောင်းတင်ကျောက်လို့ခေါ်တယ်လေ''

ဟုတ်ပါသည်၊ ကျွန်တော်မော့ကြည့်လိုက်မိသည်။ ဆည်းဆာချိန်ပင်ဖြစ်သော်လည်း ပတ်ဝန်းကျင်တစ်ဝိုက် ခပ်လှမ်းလှမ်းသို့ကြည့်လို့ မြင်နိုင်သေးသည်။ ဧရာမကျောက်တုံးကြီးတစ်တုံးမှာ ကျောက်တောင်ပေါ်တွင် ကန့်လန့်ဖြတ်တည်ရှိနေသည်။ အလျား ပေ ၁၀၀ ခန့်၊ လုံးပတ်က လူကြီး ၁၀ ယောက်ဖက်ခန့်ရှိသည်။ အမြောက်ပြောင်းသဏ္ဌာန်ကိုကြည့်ပြီး ရှေးလူကြီးများလက်ထက်ကပင် ပြောင်းတင်ကျောက်ဟုခေါ်ကြောင်း ပြောပြသည်။ ကျွန်တော်တို့မှာ အချိန်ကလင့်နေပြီဖြစ်၍ မတ်တတ်ရပ်ပြောနေဖို့ပင် အချိန်မရပေ။ လမ်းသွားရင်း ပြောနေကြခြင်းပင်ဖြစ်သည်။

''သား ဒီမှာတစ်ချက်ကြည့်ပါဦး''

ရွာသားဦးလေးကြီး လက်ညှိုးထိုးပြသောနေရာသို့ လှမ်းကြည့်လိုက်မိသည်။ ပြောင်းတင်ကျောက်နဲ့ မလှမ်းမကမ်းက ကျောက်ဂူတစ်ခုကို တွေ့လိုက်ရပြန်သည်။

အဲဒါ မိုးခိုကျောက်ခေါ်သကွဲ့၊ ဒီဘက်ရွာဟောင်းပြင်ဘက် တောင်စွယ်တောင်တန်းတွေမှာ ဖားရှာ၊ ငါးရှာသွားနေကြသူတွေ၊ ဟင်းရွက်ခူး၊ သစ်သီးခူးသွားနေကြသူတွေ ဖြုန်းခနဲမိုးရွာလို့ မိုးမိပြီး အခက်ကြုံနေရင် နားလို့ခိုလို့ မိုးလွတ်အောင်နေလို့ရတဲ့ ကျောက်ဂူပေါ့ကွယ်။ ဒီကျောက်ဂူကို ''မိုးခိုကျောက်'' လို့ ခေါ်သကွဲ့''

''ဩော် . . . ဟုတ်ကဲ့''

ဦးလေးကြီးသည် သဘာဝတရားဖြစ်တည်နေမှုများကိုကြည့်ပြီး မြင်ကွင်းရှုခင်းများကို ပြောပြနေရာ စိတ်ဝင်စားဖွယ်ကောင်းသော ပုံပြင်တစ်ပုဒ်ကို နားထောင်နေရသလိုမျိုးဖြစ်၍ ကျွန်တော်ဘဝင်တွေ့လှသည်။ အချက်ကျကျပြောပြတတ်သော ဦးလေးကြီးကိုလည်း ကျေးဇူးတင်နေမိသည်။

မိုးခိုကျောက်လွန်တာနဲ့ သဲဖြူလွှမ်းသည့်မြစ်ကမ်းခြေနှင့် ပင်လယ်လှိုင်းလုံးများ တစ်လုံးနောက်တစ်လုံး လိုက်ပြီး ကမ်းခြေသို့ပြေးရိုက်နေကြသော ပြန့်ပြူးသည့်မြေပြင်တစ်ခုကို တွေ့လိုက်ရပြန်သည်။ ကွင်းပြင်နောက်ကျောမှာတော့ တောတန်းနှင့် ဆင်ခြေလျှော ကုန်းမြင့်ကလေး။

''အဲဒီ တောတန်းနောက်ကွယ်က ကုန်းမြင့်လေးမှာ သားတို့မိသားစုရှိကြတယ်ကွဲ့''

''ဟာ ဦးရယ် ဘယ်လမ်းကသွားရမလဲ မြန်မြန်သွားလိုက်ကြရအောင်နော်''

''သွားနေတာပဲလေသားရဲ့၊ ရပ်ခဲ့တာမှမရှိတာ''

ဦးလေးကြီးက သဲဖြူတန်းကနေ ကုန်းမြင့်ကလေးသို့ သွားလမ်းဖြစ်ဟန်တူသော လူသွားလမ်းကလေးတစ်ခုကို လျှောက်နင်းပြီး သွားလိုက်ကြသည်။ ကုန်းတန်းကလေးသို့အရောက်မှာ သစ်ပင်ကျိုးတိုးကျဲတဲကလေးကို တွေ့လိုက်ရသည်။ ကျွန်တော် ဘေးဘယ်ညာလှမ်းကြည့်လိုက်ချိန်တွင် ခပ်လှမ်းလှမ်းသစ်ပင်ကြီးတစ်ပင်နဲ့ ကပ်လျက်တဲလေးတစ်လုံး။

''ဟိုမှာ တောသရက်ပင်ကြီးအနီးမှာ ဆောက်ထားတဲ့ တဲလေးဟာ သားတို့အဖေအမေတွေနေတဲ့တဲလေးပေါ့''

ကျွန်တော် တဲလေးကိုမြင်လိုက်ရတော့ ဦးလေးကြီးကိုကျော်တက်ပြီးပြေးတော့သည်။

''ဟဲ့ ဟဲ့ ကလေးရယ် ဦးကိုစောင့်ပါဦးကွဲ့''

''ဟုတ်ကဲ့ ဟုတ်ကဲ့ ဦး''

ဦးလေးကြီးပြောလိုက်မှ ကျွန်တော်မတ်တတ်ရပ်ပြီး ဦးလေးကြီးကို စောင့်လိုက်သည်။ ဦးလေးကြီးနဲ့အတူ ဆက်လျှောက်ရင်း တဲနဲ့ခပ်လှမ်းလှမ်းသို့ရောက်လာသည်။

''မောင်အေးစိန်ရေ မောင်အေးစိန် ဒီမှာ မင်းသားလေးလာတယ်ဟေ့''

ကျွန်တော်လှမ်းကြည့်လိုက်တော့ အဖေနှင့်အမေ တဲထဲက အပြင်သို့ ထွက်ကြည့်ကြသည်။

''အဖေရေ . . .အမေရေ''

''သား''

ကျွန်တော် အဖေနှင့်အမေ နှစ်ယောက်စလုံးကို ပြေးဖက်လိုက်သည်။ ဟော ညီလေးတွေနှင့် ညီမလေးပါ ပြေးထွက်လာကြသည်။

''ကိုကြီး…ကိုကြီး…ကိုကြီး…ကိုကြီး''

ညီလေးတွေနှင့် ညီမလေးပါ ကျွန်တော့်ကို ပြေးဖက်ကြတော့သည်။

''ကဲ…ကဲ သားအဖတွေတွေ့သွားကြပြီ ဝမ်းသာတယ်ကွာ အလွမ်းဖြေလိုက်ကြဦး။ ငါပြန်တော့မယ် မိုးချုပ်နေပြီ''

''ဟုတ်ပဗျာ၊ ကိုကြီးဩဘာကို နှုတ်ဆက်ဖို့တောင် မေ့နေတယ်၊ သားကြီးကိုလိုက်ပို့တဲ့အတွက် ကျေးဇူးပဲဗျာ''

''အေးကွာ ကလေးကလည်း ချက်ချင်းပို့ပေးဖို့ပြောတာနဲ့ လိုက်ပို့တာလေ''

''ကျေးဇူးပဲရှင်''

''ဟုတ်ပါပြီဗျာ သွားပြီဗျို့''

ဦးဩဘာသည် ခပ်သွက်သွက် လှည့်ပြန်သွားခဲ့လေသည်။ ကျွန်တော်တို့ ရခိုင်ဒေသတွင် အမေမွေးပြီးလို့ ပေးသည့်အမည်ကို တစ်သက်လုံးခေါ်ဝေါ်သုံးစွဲလေ့ရှိတတ်ကြပေသည်။ ဥပမာအားဖြင့် ကျွန်တော့်အဖေ၏ မူလအမည်သည် မောင်အေးစိန်ဖြစ်သည်။ အသက်ကြီးလာလျှင်လည်း မောင်အေးစိန်ပင်ဖြစ်သည်။ အသက်ကြီးလာလျှင် ပြည်မမှာလို ဦးအေးစိန်ဖြစ်မသွားပါ။ ဦးမောင်အေးစိန်ဟူ၍သာ သုံးနှုန်းလေ့ရှိပါသည်။ အသက်အရွယ်ကြီးသည့်တိုင် အချင်းချင်းခေါ်လျှင် မောင်အေးစိန်ဟူ၍သာ သုံးနှုန်းခေါ်ဆိုလေ့ရှိသည်။ သို့ဖြစ်၍လည်း ဦးဩဘာ အဖေ့ကိုခေါ်လိုက်ချိန်တွင် မောင်အေးစိန်ဟူ၍ မူလအမည်ကို ခေါ်ဆိုခြင်းဖြစ်ပေသည်။ ကျွန်တော့်အမေအမည်ကိုလည်း မူလအဖေအမေပေးထားသည့် အမည်အတိုင်း မစောနွဲ့ဟူ၍သာ ခေါ်လေ့ရှိကြသည်။ ဒေါ်ထည့်ပြီးခေါ်လျှင်လည်း ဒေါ်မစောနွဲ့ဟူ၍သာဖြစ်ပါသည်။

●●●●●●●

အဖေတို့သည် ပေါက်တောမြို့နယ် တောင်ဖူးရွာဘက်ကမ်း မြစ်ပြင်စပ်အရောက်တွင် ရာသီဥတုအခြေအနေအရ လှေကိုကျောက်ဆူးချလိုက်ကြသည်။ အဖေသည် တောင်၊ မြောက် ဝဲယာကိုကြည့်ကာ ရာသီဥတုကို အကဲခတ်လိုက်၏။ ကောင်းကင်ပြင်တစ်ခုလုံးတွင် မိုးသားများ ဖုံးလွှမ်းလျက်ရှိသည်။ မျက်နှာမည်းကြီး ငိုတော့မလိုဖြစ်နေ၏။ လှေပေါ်တွင် ခနိချပ်ရေတစ်သိန်းတိတိ တင်လာခဲ့သည်။ ခနိချပ်များမှာ ကုန်ပွဖြစ်၍ လှေပေါ်တွင် တောင်ကလေးတစ်လုံးသဖွယ်မို့မောက်နေပေ၏။ အဖေ လှေဦးလှေပဲ့ဟိုမှသည်မှ လျှောက်ကြည့်နေမိလိုက်သည်။


''ဟေ့ . . .မောင်လုံး ရာသီဥတုက တစ်မျိုးပဲကွ၊ အရှေ့လေစပေါ်နေတယ်၊ အေးလည်း သိပ်အေးတယ်၊ ဒါမုန်တိုင်းလေသွယ်တဲ့သဘောပဲ၊ အလွတ်ပါတဲ့ကြိုးတွေယူခဲ့ကွာ ရံတိုင်တွေကိုထပ်ပြီး ကြိုးတုပ်ရအောင်''

အဖေသည် မူလချည်နှောင်ထားသည်ထက်ပို၍ သေချာစေရန် ရံတိုင်များကို နှစ်ဖက်ညှပ်ပြီး ထပ်မံချည်နှောင်ထားလိုက်ပြန်သည်။

''ဟေ့…ကိုကျော်ထွန်း၊ မောင်စိန်၊ သာညွန့် ခင်ဗျားတို့လည်း သတိဝီရိယနဲ့နေကြနော်။ မောင်ဘတင် ဒီနားလာ။ ရေပက်ခန်းကြည့်ထား''

အဖေသည် လှေသမားများအား သတိပေးလိုက်သည်။ **ဆက်လက်ဖော်ပြပါမည်။**

## တောင်တွင်းကြီးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်အသိပညာပေးဟောပြောပွဲကျင်းပ




တောင်တွင်းကြီး စက်တင်ဘာ ၄

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်၌ ဥပဒေရေးရာ အသိပေးဟောပြောခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ သိကောင်းစရာများဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောခြင်းတို့ပါဝင်သည့် လူငယ်အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၄ ရက်တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇာကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး တောင်တွင်းကြီးမြို့နယ် ဥပဒေရုံးမှ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးပြည့်ဖြိုးမောင်က ဥပဒေပုဒ်မများအကြောင်းနှင့် ဥပဒေဆိုင်ရာအကြောင်းများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့မြို့မရဲစခန်းမှ ဒုတိယရဲအုပ် ကျော်ငြိမ်းက မူးယစ်ဆေးဝါး၏ အဓိပ္ပာယ်၊ မူးယစ်ဆေးထုတ်လုပ်သည့် ဘိန်းပင်နှင့် တခြားအပင်များ၊ မူးယစ်ဆေးအဖြစ် သတ်မှတ်ထားသည့် ဆေးဝါးများနှင့် မူးယစ်ဆေးဝါးအုပ်စုငါးမျိုးတွင် ပါဝင်သည့် အရာများကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တောင်တွင်းကြီးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုရုံးမှ တာဝန်ရှိသူတစ်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းများ၊ မလိုလားအပ်သည့် အသက်ဆုံးရှုံးမှုများမဖြစ်စေရန်၊ ပြည်သူများ ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းစေရန်၊ အခြေခံပညာကျောင်းများနှင့် အချက်အချာကျသည့် လမ်းဆုံ၊ လမ်းခွများတွင် ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက အသီးသီး ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **နောင်နောင်(ဗိသနိုးမြေ)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆီဆိုင်မြို့ မြို့မဈေးအား အသစ်ပြန်လည်တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

⏭ ရှေ့ဖုံးမှအဆက်

ဆောင်ရွက်နေသည့် အခြေအနေများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူတို့လိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်တောင်ကြီး-ဟိုပုံး-ဆီဆိုင်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ရှမ်းတိုင်းရင်းသားများနှင့် တည်ဆောက်သွားမည့်အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသစ်ပြန်လည်ဆောင်ရွက်မည့်မြို့မဈေးအား ခေတ်နှင့်လျော်ညီသည့် အဆင့်မြင့်ဈေးပုံစံဖြစ်စေရေး၊ ဆိုင်ခန်းများ သင့်တင့်သည့် အကျယ်အဝန်းဖြစ်စေရေး ဆောင်ရွက်သွားရန်၊ ရေ မီး စနစ်များ၊ ယာဉ်ရပ်နားရန်နေရာများမှအစ စနစ်တကျတွက်ချက်၍ ထည့်သွင်း စဉ်းစားဆောင်ရွက်သွားရန်

**❖ အစဉ်အဆက်တည်ငြိမ်အေးချမ်း၍ ရိုးသားအေးချမ်းစွာနေထိုင်ခဲ့သော ပအိုဝ်းတိုင်းရင်းသားတို့၏ ဆီဆိုင်ဒေသသည် PNLO အကြမ်းဖက်အဖွဲ့၏ အခွင့်အလမ်းတစ်ခုကိုမျှော်မှန်းပြီး ဆောင်ရွက်သည့် မိုက်မဲသည့်အကြမ်းဖက်လုပ်ရပ်ကြောင့် ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရ၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာ ရပ်တန့်နေ၍မရဘဲ ရှေ့သို့အစဉ်အဆက် ဆက်လက်လှမ်းချီနေရမည်၊ အလုပ်လုပ်နေရမည်ဖြစ်. . .**

**❖ ဒေသ၏အကျိုးကို အမြင်ကျယ်ကျယ်ဖြင့်ကြည့်၍ အသိဉာဏ်ပွင့်လင်းပြီး အပြုသဘောဆောင်သည့်လုပ်ဆောင်မှုများဖြင့် ဖော်ဆောင်ကြရန်လို. . .**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆီဆိုင်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအငှားအိမ်ရာ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစဉ်။

ပအိုဝ်းတိုင်းရင်းသားအများစု အေးချမ်းစွာသွားလာနေထိုင်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့သို့ ရောက်ရှိရာ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့မဈေးအား အသစ်ပြန်လည်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဝန်ထမ်းအငှားအိမ်ရာသို့ ရောက်ရှိကြရာ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေ များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇဝနရာမကျောင်းတိုက်သို့ ရောက်ရှိကြပြီး လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညာသီလနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆီဆိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ရေခံမြေခံကောင်းကို ပိုင်ဆိုင်ထားသည့်ဒေသဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အလားအလာကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ သို့သော်လည်း **အစဉ်အဆက်တည်ငြိမ်အေးချမ်း၍ ရိုးသားအေးချမ်းစွာနေထိုင်ခဲ့သော ပအိုဝ်းတိုင်းရင်းသားတို့၏ ဆီဆိုင်ဒေသသည် PNLO အကြမ်းဖက်အဖွဲ့၏ အခွင့်အလမ်းတစ်ခုကိုမျှော်မှန်းပြီး ဆောင်ရွက်သည့် မိုက်မဲသည့်အကြမ်းဖက်လုပ်ရပ်ကြောင့် ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရ**ကြောင်း၊ **ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာ ရပ်တန့်နေ၍မရဘဲ ရှေ့သို့ အစဉ်အဆက် ဆက်လက်လှမ်းချီနေရမည်၊ အလုပ်လုပ်နေရမည်ဖြစ်**ကြောင်း၊

စာမျက်နှာ ၆ သို့ ⏭

⏭ စာမျက်နှာ ၅ မှအဆက်

ရပ်တန့်နေပါက မိမိတို့အနေဖြင့်နောက်တွင်ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့သော အကြမ်းဖက်လုပ်ရပ်များကြောင့်ပျက်စီးခဲ့ရသည်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေရခြင်းဖြင့်ဖွံ့ဖြိုးတိုးတက်မှုများနှောင့်နှေးကြန့်ကြာနေရကြောင်း၊ ဒေသ၏တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်သည်မှာ ဒေသခံများသာဖြစ်သကဲ့သို့ဒေသ၏ မတည်ငြိမ်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျအောင် ဆောင်ရွက်သည်မှာလည်း ဒေသခံများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အတူတကွ ဝိုင်းဝန်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသ၏အကျိုးကို အမြင်ကျယ်ကျယ်ဖြင့်ကြည့်၍ အသိဉာဏ်ပွင့်လင်းပြီး အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများဖြင့် ဖော်ဆောင်ကြရန်လိုကြောင်း။

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ဒေသ၏ ပညာရေး၊ ကျန်းမာရေး အပါအဝင် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသခံများ ပညာရေးကို အားပေးကြစေရေးဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဒေသ၏ အနာဂတ်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့ အပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ တတ်စွမ်းသရွေ့ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထုတို့မှလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရှေ့သို့မတိုးနိုင်ဘဲ ရပ်တန့်နေခြင်းသည် ဒေသနှင့်နိုင်ငံတော်အတွက် ဆုံးရှုံးမှုပင်ဖြစ်သဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဇဝနရာမကျောင်းတိုက်ရှိ လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညာသီလနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်ရာ ကိုယ်စားလှယ်များက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆီဆိုင်မြို့မှ စာမျက်နှာ ၇ သို့ ⏭



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံတပ်မတော်သားများနှင့်မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်စဉ်။

⏭ စာမျက်နှာ ၆ မှအဆက်

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၃၁၀ ပေတွင်တည်ရှိပြီး မြောက်ဘက်တွင် ဟိုပုံးမြို့နယ်၊ အရှေ့ဘက်တွင် မောက်မယ်မြို့နယ်၊ တောင်ဘက်တွင် ကယားပြည်နယ်၊ အနောက်ဘက်တွင် ဖယ်ခုံမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ပအိုဝ်းတိုင်းရင်းသားအများစု အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်ကြသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ သို့သော်လည်း PNLO အကြမ်းဖက်အဖွဲ့အနေဖြင့် KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား၏ မြှောက်ပင့်စည်းရုံးမှုကြောင့် ဒေသအတွင်း အာဏာတည်ဆောက်နိုင်ရေး၊ အကြမ်းဖက်အုပ်ချုပ်ရေးအတွက် အကြောက်တရားဖြင့် မိမိတို့လူမျိုးတူ ပအိုဝ်းတိုင်းရင်းသားတို့အပေါ် စာနာမှုကင်းမဲ့စွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ခြင်းကြောင့်ဒေသတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများထိခိုက်ဆုံးရှုံးခဲ့ရကြောင်း၊ ထို့ကြောင့် PNLO အကြမ်းဖက်အဖွဲ့၏ မိမိလူမျိုးချင်းအပေါ် သစ္စာမဲ့စွာလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် မည်သို့မျှလက်ခံနိုင်ခြင်းမရှိသဖြင့် ဆီဆိုင်မြို့ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် ရွာလုံးကျွတ်နီးပါးအင်အားစုစည်း၍ တပ်မတော်၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလက်တွဲပြီး အကြမ်းဖက်ပူးပေါင်းအဖွဲ့များ၏လက်မှ ဆီဆိုင်ဒေသကို အမြန်ဆုံးပြန်လည်ရယူထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ဆီဆိုင်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေထိုင်ရလျက်ရှိသည့်ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပြန်လည်ဝင်ရောက်နေထိုင်၍ အေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)





ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများကိုတွေ့ရစဉ်။



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် အကြမ်းဖက် သမားများ၏ အကြမ်းဖက်လုပ်ရပ် များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများကိုတွေ့ရစဉ်။

# ရေနံချောင်းမြို့နယ်၌ ဆိုလာရေပေးရေးစနစ် ဆောင်ရွက်ခြင်းလုပ်ငန်းစစ်ဆေး


**ရေနံချောင်း စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ညောင်ပင်အိုင့်ကျေးရွာအုပ်စု အုတ်လှကျေးရွာ၌ ဆိုလာရေပေးရေးစနစ်ဆောင်ရွက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအေးထွန်းမင်းနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အုတ်လှကျေးရွာ၌ 7.6 KW ဆိုလာရေပေးရေးစနစ်ဆောင်ရွက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရေနံချောင်းမြို့နယ် အုတ်လှကျေးရွာ၌ 7.6KW ဆိုလာရေပေးရေးစနစ် ဆောင်ရွက်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၃၆ အိမ်၊ လူဦးရေ ၆၁၅ ဦးတို့အတွက် ရာသီမရွေးသောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**နော်လူး**



# သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်



**မြိတ် စက်တင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သဘွတ်ကျေးရွာအုပ်စု သဘွတ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၃ ရက်နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ မြိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးသောင်းအေးက အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်သောသင်တန်းဖြစ်သည့်အတွက် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြိတ်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သူသူစံက စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့်သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများအားပေးအပ်သည်။

အဆိုပါသင်တန်းကို သဘွတ်ကျေးရွာအုပ်စုအတွင်းမှ သင်တန်းသူ ၁၅ ဦးဖြင့် တစ်ပတ်ကြာ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာရပ် ၁၂ မျိုးကို ဘာသာရပ်တစ်ခုချင်းအလိုက် ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ပြီး ထူးချွန်၍ အမှန်တကယ်လုပ်ငန်းထူထောင်မည့်သင်တန်းသားငါးဦးကိုသတ်မှတ်ချက်များနှင့်အညီရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၁၂)

# ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲတီစိမ်းသီးနှံဧက ၂၈၀၀ ကျော်စိုက်ပျိုးပြီးစီး

**ကျောက်မြောင်း စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲတီစိမ်းသီးနှံဧက ၂၈၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် ကျောက်မြောင်းမြို့နယ်၌ မိုးကြိုပဲတီစိမ်း ၁၅၅၉ ဧကနှင့်မိုးပဲတီစိမ်း ၃၈၂၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ မိုးပဲတီစိမ်း ၂၈၉၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်တွင် မိုးကြိုပဲတီစိမ်းနှင့် မိုးပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို တောင်သူနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၀၉)

# ဝမ်းချုပ်ခြင်းအဓိကအကြောင်းရင်းများနှင့် ကုသနည်းများ

ဝမ်းချုပ်ခြင်းဖြစ်ရသော အဓိကအကြောင်းရင်းတွင် ဆေးဝါးများ၊ ကိုယ်တွင်းအင်္ဂါများနှင့် တခြားအကြောင်းရင်းများပါဝင်သည်။

ဆေးဝါးများတွင် အလူမီနီယံပါသော အစာအိမ်ဆေးများ၊ ကိုဒင်းပါသော အကိုက်အခဲပျောက်ဆေး၊ သံဓာတ်ပါသော အားဆေး၊ စိတ်ကျရောဂါကုသဆေး (ဥပမာ- Tripta)၊ သွေးတိုးကျဆေးများ (ဥပမာ- Calcium Channel blockers) ပါဝင်သည်။

ကိုယ်တွင်းရောဂါများမှာ ဆီးချိုရောဂါ၊ ကျောက်ကပ်အားနည်းရောဂါ၊ ပိုတက်စီယမ်ဓာတ်နည်းခြင်း၊ ကယ်လ်စီယမ်ဓာတ်များခြင်း၊ သိုင်းရွိုက်ဂလင်းအားနည်းခြင်း၊ ကိုယ်ဝန်ရှိခြင်းတို့ဖြစ်သည်။

တခြားအကြောင်းရင်းများတွင် စားသောက်မှုလွဲမှားခြင်း၊ အသီးအနှံ၊ အသီးအရွက်၊ အမျှင်ဓာတ်များမစားခြင်း၊ ဝမ်းမမှန်ခြင်း၊ အသက်ကြီးသူများ၊ ကာလကြာရှည် အိပ်ရာထဲလဲနေသူများ၊ အချိန်ကြာမြင့်စွာ ခရီးသွားသူများတွင် ဝမ်းချုပ်ခြင်းဖြစ်နိုင်သည်။

အူလမ်းကြောင်းပိတ်ဆို့သော ဝမ်းချုပ်ခြင်းတွင် အူမကြီးကင်ဆာ၊ အူကျုံခြင်း၊ အူပေါက်ခြင်း၊ စအိုဝကျဉ်းခြင်း၊ နာတာရှည်အူမကြီးရောင်ခြင်း၊ အူမကြီးကိုသွေးလှည့်ပတ်မှုနည်းခြင်းတို့ဖြစ်နိုင်သည်။

အူလမ်းကြောင်းမပိတ်ဆို့ဘဲ ဝမ်းချုပ်ခြင်းမှာ အူလမ်းကြောင်းလှုပ်ရှားမှုပုံမမှန်ခြင်း၊ အူမကြီး ပုံမှန်ထက် အဆမတန်ကျယ်ခြင်း၊ စအိုကျုံခြင်း၊ ဝမ်းညှစ်ကြွက်သားအားနည်းခြင်း၊ စိတ်ကျရောဂါနှင့် ဝမ်းကို ပုံမှန်မသွားခြင်းတို့ကြောင့်ဖြစ်သည်။

စမ်းသပ်စစ်ဆေးမှုများအနေဖြင့် (၁) ပုံမှန်စစ်ဆေးစမ်းသပ်မှုများ (က) ဝမ်းသွားလမ်းကြောင်းစစ်ဆေးခြင်း၊ (ခ) သွေးစစ်ဆေးခြင်း၊ (ဂ) ယူရီးယားနဲ့ဓာတ်ဆားများစစ်ဆေးခြင်း၊ (ဃ) တခြားစမ်းသပ်ခြင်းများလည်းရှိသည်။ (၂) အူလမ်းကြောင်းဆေးသွင်းဓာတ်မှန်ရိုက်ခြင်း၊ (၃) အူလမ်းကြောင်းမှန်ပြောင်းကြည့်ခြင်း၊ (၄)စအိုဝအသားစယူ၍စစ်ဆေးခြင်း၊ (၅) အူလမ်းကြောင်းဖြတ်သန်းချိန် တိုင်းတာခြင်း၊ (၆)ပူဖောင်းဖြင့် လေသွင်းစစ်ဆေးခြင်း၊ (၇) အူလမ်းကြောင်းကြွက်သားစစ်ဆေးခြင်းတို့ဖြစ်သည်။

ဆရာဝန်နှင့် ပြသရမည့်လက္ခဏာများမှာ ကိုယ်အလေးချိန်သိသိသာသာကျသွားခြင်း၊ ဝမ်းသွားရာတွင် သွေးပါခြင်း၊ ဝမ်းသွားရာတွင် အားမရခြင်း၊ ဝမ်းကျန်ခြင်း၊ ဗိုက်အောင့်လာခြင်း၊ ဝမ်းသွားလိုက်၊ ဝမ်းချုပ်လိုက်ဖြစ်ခြင်း၊ ဝမ်းဗိုက်အလုံးပေါ်လာခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ သာမန်ထက်ပို၍မောပန်းလာခြင်း၊ သွေးအားနည်းခြင်း၊ ဗိုက်နာခြင်း၊ မိမိဆွေမျိုးများတွင် အူမကြီးကင်ဆာရှိသူများအနေဖြင့် ဆရာဝန်နှင့် နှစ်စဉ်ဆေးစစ်သင့်သည်။

အဓိကမှတ်သားရန်မှာ ဝမ်းချုပ်ဝေဒနာသည် အစားအသောက်ပုံမမှန်ခြင်း၊ ရေသောက်နည်းခြင်း၊ ဝမ်းကိုအကျင့်လုပ်၍ မသွားခြင်း၊ အူလမ်းကြောင်းလှုပ်ရှားမှုမမှန်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းတို့ကြောင့်ဖြစ်သည်။

သို့သော် ဝမ်းချုပ်ခြင်းသည် အူမကြီးကင်ဆာနှင့် တခြားအရေးကြီးသည့်ရောဂါများ၏ကနဦးရောဂါလက္ခဏာများလည်းဖြစ်နိုင်သည်။ မလိုအပ်ဘဲ ဝမ်းနုတ်ဆေးမစားသင့်ပါ။

အူမကြီးလမ်းကြောင်းပိတ်၍ ဝမ်းချုပ်သူများတွင် ဝမ်းနုတ်ဆေးကြောင့် အူပေါက်ခြင်း၊ ရောဂါပိုဆိုးခြင်း၊ အရေးပေါ်ခွဲစိတ်ရခြင်းတို့ဖြစ်နိုင်သည်။

လိပ်ခေါင်းရောဂါကြောင့် စအိုမှသွေးဆင်းသူများ၊ ဝမ်းချုပ်၍ ညှစ်ရလျှင် ရင်ဘတ်အောင့်တတ်သော နှလုံးသွေးကြောကျဉ်းရောဂါရှိသူများနှင့် ဆေးဝါးများကြောင့် ဝမ်းချုပ်သူများသည် ဝမ်းပျော့ဆေးသောက်သင့်သည်။

ဝမ်းချုပ်သူအများစုအနေဖြင့် ရေနှင့် အရည်များများသောက်ခြင်း၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများများစားခြင်း၊ လက်ဖက်ရည်၊ ကော်ဖီလျှော့သောက်ခြင်း၊ ဝမ်းချုပ်စေသောဆေးများကို ရှောင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပုံမှန်ပြုလုပ်ခြင်း၊ ဝမ်းပုံမှန်သွားအောင် အလေ့အကျင့်ပြုလုပ်ခြင်း၊ စိုးရိမ်ပူပန်စိတ်များကို တတ်နိုင်သလောက် လျှော့ချခြင်းနှင့် သင့်လျော်သော ဝမ်းပျော့ဆေးများ (တစ်မျိုးမျိုး)ကို သုံးစွဲခြင်းအားဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။ တခြားဆေးများနှင့်တွဲ၍ ဝမ်းနုတ်ဆေးစားပါက ဝမ်းနုတ်ဆေးကြောင့် တခြားသောဆေးများ၏ အာနိသင်ထိရောက်မှုလျော့နည်းနိုင်သည်။ သန်ကျဆေးမှလွဲလျှင် ဝမ်းပျော့ဆေး၊ ဝမ်းနုတ်ဆေးနှင့်တခြားဆေးများ တွဲ၍မသောက်သုံးသင့်ပါ။

**"ဝမ်းချုပ်သူအများစုအနေဖြင့် ရေနှင့် အရည်များများသောက်ခြင်း၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများများစားခြင်း၊ လက်ဖက်ရည်၊ ကော်ဖီလျှော့သောက်ခြင်း၊ ဝမ်းချုပ်စေသောဆေးများကိုရှောင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပုံမှန်ပြုလုပ်ခြင်း၊ ဝမ်းပုံမှန်သွားအောင် အလေ့အကျင့်ပြုလုပ်ခြင်း၊ စိုးရိမ်ပူပန်စိတ်များကို တတ်နိုင်သလောက် လျှော့ချခြင်းနှင့် သင့်လျော်သော ဝမ်းပျော့ဆေးများ (တစ်မျိုးမျိုး)ကို သုံးစွဲခြင်းအားဖြင့် သက်သာပျောက်ကင်းစေနိုင်သည် . . ."**

ဝမ်းချုပ်ခြင်းသည် အူမကြီးကင်ဆာကဲ့သို့ အသက်အန္တရာယ်ရှိသော ရောဂါအထိဖြစ်နိုင်ခြေရှိသောကြောင့် ပေါ့ပေါ့ဆဆမနေသင့်ပါ။ အနောက်တိုင်းပုံစံအိမ်သာ(ဗိုလ်ထိုင်အိမ်သာ)ကို အသုံးပြုပါက ခြေထောက်နှစ်ဖက် အနည်းငယ်မြင့်စေရန် ခွေးခြေတစ်လုံးစီချထားသင့်သည်။ သို့မှသာ အူမကြီးကိုပွင့်စေမည်ဖြစ်သည်။ ထို့ပြင် အူမကြီးထဲမှအညစ်အကြေးများစုပုံနေမှုကိုလည်း လျှော့ချပေးနိုင်သည်။

ဝမ်းချုပ်ခြင်း၏ ဘေးထွက်ဆိုးကျိုးများမှာ နာတာရှည်ဝမ်းချုပ်ခြင်းခံစားရသော လူနာများသည် နောက်ဆက်တွဲရောဂါပြဿနာများလည်း ဖြစ်ရန်လွယ်ကူသည်။ အူမကြီး သို့မဟုတ် စအိုတွင် အနာဖြစ်စေသော လိပ်ခေါင်း သို့မဟုတ် စမြင်းခံခြင်းကြောင့် ဝမ်းသွားရာတွင် သွေးပါခြင်းဖြစ်နိုင်သည်။

ဝမ်းချုပ်ခြင်းသည် သိုင်းရွိုက်ထုတ်လုပ်မှုလျော့နည်းခြင်းအပြင် အူမကြီးကင်ဆာ၏ လက္ခဏာတစ်ခုဖြစ်သော ဝမ်းချုပ်လိုက်၊ ဝမ်းလျှောလိုက်ဖြစ်ခြင်း သို့မဟုတ် ဝမ်းသွားသောပမာဏ နည်းခြင်းကဲ့သို့ ပြဿနာများလည်း ဖြစ်လာနိုင်သည်။

လေ့လာမှုများအရ ဝမ်းသွားခြင်းနှင့် ဆက်စပ်သောပြဿနာများမှာ လူတစ်ဦး၏စိတ်ပိုင်းဆိုင်ရာပြဿနာ(ကျန်းမာရေး)ကိုပါ ဆိုးဆိုးရွားရွားထိခိုက်စေနိုင်သည်။ ပုံမှန်ထက်ဝမ်းသွားခြင်းများသော၊ နည်းသော အလေ့အထနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာပျော်ရွှင်မှုသည် ဆက်စပ်လျက်ရှိသည်။ အစာခြေစနစ်တွင်တွေ့ရသော အူလမ်းကြောင်းပြဿနာ(IBS) ခံစားနေရသူများသည် ဝမ်းချုပ်ခြင်းနှင့် ဝမ်းလျှောခြင်းဖြစ်နိုင်သည့်အပြင် သာမန်လူများနှင့်ယှဉ်ပါက စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးမှုများခြင်း စသောစိတ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာ ဖြစ်နိုင်ခြေရှိကြောင်း သိရသည်။

ဝမ်းချုပ်ပါက ဝမ်းချုပ်စေသောဆေးများ၊ ဝမ်းနုတ်ဆေးအပြင်းစားများသောက်ခြင်းကို ရပ်ထားသင့်သည်။ အမျှင်ဓာတ်များများပါသော အသီးအနှံနှင့် ဟင်းသီးဟင်းရွက် များများစားပေးသင့်သည်။ ရေ၊ ဖျော်ရည်နှင့် အချိုရည်များများသောက်သင့်သည်။ တစ်ရက်လျှင် သောက်ရေသန့် နှစ်လီတာမှသုံးလီတာခန့် သောက်သင့်သည်။ လက်ဖက်ရည်၊ ကော်ဖီသောက်သုံးခြင်းနှင့် ကွမ်းစားခြင်းကို ရှောင်ကြဉ်သင့်သည်။ နေ့စဉ် နာရီဝက်မှ တစ်နာရီ အားကစားလေ့ကျင့်ခန်းတစ်ခုခု (ဥပမာ- အပြေး၊ ရွှရွပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူး)ပြုလုပ်သင့်သည်။ အမျှင်ဓာတ်ပါသောဆေးများ တွဲဖက်သောက်နိုင်သည်။ ဝမ်းပုံမှန်သွားစေရန် နံနက်အိပ်ရာနိုးပြီးတိုင်း အိမ်သာထိုင်သောအကျင့်ပြုလုပ်၍ ဝမ်းသွားဝမ်းမှန်စေရန် အလေ့အကျင့်ပြုလုပ်သင့်သည်။

ဆေးဝါးဖြင့်ကုသရာတွင် ဝမ်းသွားလွယ်စေသောဆေးများ၊ ဝမ်းပျော့ဆေးများ၊ ဝမ်း၏ရေပမာဏကိုများစေသောဆေးများ၊ အူလမ်းကြောင်းကို လှုံ့ဆော်စေသောဆေးများ၊ အူလှုပ်ရှားမှုကိုမြန်စေသောဆေးများပေးနိုင်သည်။

ခွဲစိတ်ကုသခြင်း ပြုလုပ်နိုင်သည်။ အူလမ်းကြောင်းပိတ်ခြင်းနှင့် အူမကြီးကင်ဆာဖြစ်ခြင်းတို့တွင် ခွဲစိတ်ကုသမှုခံယူရန်လိုအပ်သည်။ အူမကြီးကင်ဆာဖြစ်လျှင် ကင်ဆာကုသမှုအတိုင်း ကုသရသည်။ ခွဲစိတ်ဖြတ်တောက်ခြင်း၊ အူလမ်းကြောင်းလွှဲခြင်း၊ ဆက်ခြင်း၊ ကင်ဆာဆေးသွင်းခြင်း၊ ဓာတ်ရောင်ခြည်ပေးခြင်း စသည်ဖြင့် ကုသမှုခံယူသင့်သည်။

ဝမ်းနုတ်ဆေးများ၏ ဆိုးကျိုးများမှာ ဝမ်းနုတ်ဆေးကို ကြာရှည်သုံးစွဲပါက ခန္ဓာကိုယ်တွင်း ပိုတက်စီယမ်ဓာတ်လျော့နည်းခြင်းကြောင့် ကြွက်တက်ခြင်း၊ ကြွက်သားအားနည်းခြင်း၊ မောပန်းလွယ်ခြင်းနှင့် နှလုံးခုန်မမှန်ခြင်းဖြစ်တတ်သည်။

ကြာရှည်စွဲ၍သောက်ပါက ကြွက်သားညှစ်အားလျော့နည်းကာ နောင်တွင် ဝမ်းနုတ်ဆေးမစားလျှင် ပုံမှန်ဝမ်းသွား၍မရခြင်းဖြစ်တတ်သည်။ နှစ်ရှည်လများ ဝမ်းနုတ်ဆေးစွဲစားသူများ အူမကြီးအမြှေးပါးအရောင်ပြောင်းကာ မူလအရောင်မှ အမည်းရောင် သို့မဟုတ် အညိုရောင်ပြောင်းသွားနိုင်သည်။ တချို့ ဝမ်းနုတ်ဆေးများမှာ ကိုယ်ဝန်ဆောင်များ မသောက်သင့်ပါ။ ဆေးကြောင့် ဗိုက်နာခြင်း၊ လေပွခြင်း၊ လေမလည်ခြင်းဖြစ်တတ်သည်။ ဝမ်းနုတ်ဆေး၊ ဝမ်းပျော့ဆေးကို တခြားဆေးများနှင့်တွဲ၍သောက်ပါက တခြားဆေးများ၏အာနိသင်ထိရောက်မှု လျော့နည်းစေခြင်းကြောင့် တခြားဆေးဝါးများနှင့်အတူ တွဲဖက်မသောက်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဒေါက်တာလွင်သန့်

# မုံရွာစီးပွားရေးတက္ကသိုလ်၌ Mpox (မျောက်ကျောက်)ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပ

မုံရွာ စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မုံရွာစီးပွားရေးတက္ကသိုလ်၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော Mpox (မျောက်ကျောက်)ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၃ ရက်က အဆိုပါတက္ကသိုလ်ရှိ ငွေရတုခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်ခိုင်မာလိုင်က အမှာစကားပြောကြားပြီး မုံရွာစီးပွားရေးတက္ကသိုလ် ဆေးပေးခန်းမှ အထက်တန်းသူနာပြု ဆရာမဒေါ်ဇင်မာမြင့်က မျောက်ကျောက်ရောဂါအကြောင်းနှင့် စပ်လျဉ်း၍ မျောက်ကျောက်ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ မျောက်ကျောက်ရောဂါ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ မျောက်ကျောက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်သောနည်းလမ်းများ၊ မျောက်ကျောက်ရောဂါဖြစ်ပွားသည့်နိုင်ငံများနှင့် တွေ့ရှိရသောနေရာများကို ရှင်းလင်းပြောကြားပြီး ပြည်သူများအနေဖြင့် သံသယဖြစ်ဖွယ် မျောက်ကျောက်ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သွားရောက်၍ စစ်ဆေးကုသမှုခံယူကြရန် ပြောကြားကာ တက်ရောက်လာကြသူများ၏ သိရှိလိုသောမေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်ခိုင်မာလိုင်က မျောက်ကျောက်ရောဂါအကြောင်း ဟောပြောပေးသော အထက်တန်းသူနာပြုဆရာမ ဒေါ်ဇင်မာမြင့်အား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ မုံရွာစီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပ



**သရက် စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး သရက်မြို့ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတထိန်းသိမ်းခြင်းကိုစဉ်ဆက်မပြတ်စေဘဲ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝရေပြင်တွင် ငါးမျိုးစိတ်များမျိုးသုဉ်းမှုမရှိစေရန်၊ ငါးထုတ်လုပ်မှုတိုးတက်စေရန်နှင့်ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန်အတွက် ဒေသနှင့်ကိုက်ညီသည့် ငါးမျိုးများအားစိုက်ထည့်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၄ ရက် နံနက် ၈ နာရီခွဲတွင် ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကိုသရက်မြို့ ဇက်ဆိပ်၌ကျင်းပသည်။

အဆိုပါငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ငါးမျိုးကောင်ရေနှစ်သိန်းကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များ၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ရောဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေတစ်သိန်း၊ ငါးခုံးမကြီးကောင်ရေတစ်သိန်းအားစုပေါင်း၍ ငါးမျိုးစိုက်ထည့်ကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

# ပဲခူးမြစ်ကူးဘေလီတံတားအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီး

**ပဲခူး စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်နှင့် ညောင်ဝိုင်း ၁၇ လမ်း ပဲခူးမြို့မဈေးကြီးသို့ဆက်သွယ်တည်ဆောက်ထားသည့် ပဲခူးမြစ်ကူးသစ်သားဘေလီတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့ တာဝန်ရှိသူထံမှ သိရသည်။

အဆိုပါတံတားသည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေကျပ် ၄၃၅ သန်း၊၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေကျပ် ၉၉၀ သန်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘတ်ဂျက်စုစုပေါင်းငွေကျပ် ၁၄၂၅ သန်းဖြင့် တံတားတည်ဆောက်ရေး-၃၊ တံတားအထူးအဖွဲ့ ၉ မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် အလျားပေ ၃၂၀၊ အကျယ် ၁၈ ပေ၊ တံတားအောက်ရေလမ်းကင်းလွတ်အမြင့်ပေ ၃ ပေ ၅ လက်မ၊ ဘိုးပိုင်အုတ်မြစ်သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

တံတားပြီးစီးသွားပါက ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်စေခြင်း၊ သယ်ယူပို့ဆောင်စရိတ်များ လျှော့ကျနိုင်ခြင်း၊ဒေသခံပြည်သူများအပါအဝင် ပြည်သူများသွားလာမှုအဆင်ပြေခြင်း၊ ပဲခူးမြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုများလျှော့နည်းစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်းသိရသည်။

(၄၁၀)

## လ တော်သလင်း

❖ သောင်မြစ်ကမ်းယံ သဲသောင်နုပေါ့<br>ကန်ရာသီပြု ရောက်ပြီကွယ်။<br>❖ ကန်ရာသီမှာ ခါမီသင့်လို့<br>ရွှေရင်းမာပွင့် ရနံ့ကြွယ်။<br>❖ ဖျိုင်းရုပ်ဝါငယ် ယုန်ငွေချိုင်နဲ့<br>တစ်ခိုင်ဥက္ကာ ကြွေသို့နှယ်။<br>❖ အဏ္ဏဝါခွင် ယဉ်ပြောင်ခင်းမှာ<br>ဖောင်ပျံလေသင်း ဝဲတော့တယ်။<br>❖ ယိုယီးသံကြူ ဂယက်ဖွေးလို့<br>တက်ရေးလှလှ ပြကြမယ်။<br>❖ စည်း ဝါး သံသာ တျော တေ တျာနဲ့<br>နတ်စောင်းသီတာ ကျူးရင့်တယ်။<br>❖ တော်သလင်းမိုး ကန်သင်းကျိုးလို့<br>ဆိုရိုးစကား ရှိလေတယ်။<br>❖ တော်သလင်းနေ ပုစွန်သေတဲ့<br>ပူနေ ဆယ်ဆ ကဲလှတယ်။<br>ကဲလှတယ် ကဲလှတယ်။ ။

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

# မွေးစမှအသက် ၂ နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**မြောင်းမြ စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ် (၅) ရပ်ကွက်ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ မိခင်နှင့်ကလေးကျန်းမာရေးဌာနက မွေးစမှအသက် ၂ နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာလ ၄ ရက်နံနက် ၉ နာရီတွင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးများထိုးရာတွင် အသည်းရောင်အသားဝါ၊ ပိုလီယို၊ပြင်းထန်အဆုတ်ရောင်၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးများကို မွေးစမှ ၂ နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ခြင်းများဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါဆေးထိုးနှံတိုက်ကျွေးခြင်းများကို ကျန်းမာရေးဝန်ထမ်းများက မတ်လ ၁ ရက်မှစတင်ထိုးနှံလျက်ရှိပြီး နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြောင်းမြမြို့ပေါ်ရှိ (၁၆) ရပ်ကွက်အား ရပ်ကွက်အလိုက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း | ၆။ | ၁၁:၃၅ | ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး |
| ၂။ | ၇:၂၀ | မေတ္တာပို့ | ၇။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၃။ | ၇:၂၅ | ဓမ္မပူဇာတေး | ၈။ | ၁၇:၀၀ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၄။ | ၇:၃၀ | ကိုယ်လက်လှုပ်ရှား အားကစား | ၉။ | ၁၇:၅၀ | စာဆိုစစ်သည် ကလောင်ရှင်များ |
| ၅။ | ၉:၂၅ | ရင်မှာစွဲလမ်း တော်ဝင်ပန်း | | | |

# မိတ္ထီလာမြို့နယ်၌ အောင်ဆုယူစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဆူးဖြူကွက်စံပြကျေးရွာ၌ Garden Family Company မှ လှူဒါန်းသည့် အောင်ဆုယူစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၄ ရက် နံနက် ၈ နာရီတွင် အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ကျင်းပသည်။



ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ တာဝန်ရှိသူများနှင့် အလှူရှင် ဦးမျိုးသက်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်ဆုယူစာကြည့်တိုက်အတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ ဦးကြည်မောင် (ကောင်းကင်မေမေကုမ္ပဏီ) နှင့် ဦးမြင့်နိုင်-ဒေါ်ငြိမ်းမိမိကျော်တို့က စာအုပ်များလှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်နိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါအောင်ဆုယူစာကြည့်တိုက်ကို Garden Family Companyမှ လှူဒါန်းပြီး ငွေကျပ် ၁၇၅ သိန်း တန်ဖိုးရှိ အလျားပေ ၄၀၊ အနံ ၃၅ ပေ နံကပ်သွပ်မိုး တစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

(၆၀၂)

## သဇင် (FM)အသံလွှင့်အစီအစဉ်

၅-၉-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင်မြန်မာ သံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ဗုဒ္ဓဘာသာအသင်းမှ ဥက္ကဋ္ဌဆရာတော် Hu Xuefeng ဦးဆောင်သောဧည့်သည်တော်အဖွဲ့ လာရောက်ဖူးမြော်





ရန်ကုန် စက်တင်ဘာ ၄

မြန်မာ-တရုတ် "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေး ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဗုဒ္ဓဘာသာချစ်ကြည်နီးနှောဖလှယ်ရန် ရည်ရွယ်ချက်များဖြင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၏ ဖိတ်ကြားစီစဉ်မှုအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ဗုဒ္ဓဘာသာအသင်းမှ ဥက္ကဋ္ဌဆရာတော် Hu Xuefeng ဦးဆောင်၍ ဗုဒ္ဓဘာသာဗျူရိုမှ အဖွဲ့ဝင်များပါဝင်သော ဧည့်သည်တော်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ခဲ့ရာ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့်အဖွဲ့ဝင်များ၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးညွန့်သင်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးဇော်ဦးတို့က တောင်ဘက်မုခ်ဧည့်ခန်းမဆောင်၌ ကြိုဆိုဂါရဝပြုနှုတ်ဆက်ကြသည်။

ပေကျင်းမြို့ ဗုဒ္ဓဘာသာအသင်းမှဥက္ကဋ္ဌဆရာတော် Hu Xuefeng ဦးဆောင်အဖွဲ့သည် ရင်ပြင်တော်တောင်ဘက်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိနှင့် ရွှေပြည်သာပရိယတ္တိစာသင်တိုက်ဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂိတတို့အား ဂါရဝပြုတွေ့ဆုံနှုတ်ဆက်၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)တို့နှင့် နှစ်နိုင်ငံချစ်ကြည်ရေး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာများအား ချစ်ကြည်ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။ ယင်းနောက်ပေကျင်းမြို့ ဗုဒ္ဓဘာသာအသင်းမှ ဥက္ကဋ္ဌဆရာတော်က ရွှေတိဂုံစေတီတော်မြတ်ကြီးအား အလှူငွေကျပ် ၁၀ သိန်းကိုပေးအပ်လှူဒါန်းရာ အလှည့်ကျသဘာပတိ ဦးညွန့်သင်းက လက်ခံရယူခဲ့သည်။

ထို့နောက် ပေကျင်းမြို့ ဗုဒ္ဓဘာသာအသင်းမှ ဥက္ကဋ္ဌဆရာတော်က ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် ရွှေပြည်သာပရိယတ္တိစာသင်တိုက်ဆရာတော်တို့အား ဗုဒ္ဓဆင်းတုတော်များပေးအပ်လှူဒါန်းခဲ့ပြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)တို့အား အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကလည်း ရွှေတိဂုံစေတီတော် ပုံတော်များ လက်ဆောင်ပြန်လည်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပေကျင်းမြို့ ဗုဒ္ဓဘာသာအသင်းမှ ဥက္ကဋ္ဌဆရာတော်နှင့် ဧည့်သည်တော်အဖွဲ့အား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရင်ပြင်တော်လက်ယာရစ်တစ်ပတ်လှည့်လည်ရှင်းလင်းပြသခဲ့ရာ ရင်ပြင်တော်စနေထောင့်ရှိကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်၊ ရင်ပြင်တော်အနောက်ဘက်အနီးရှိ ဗုဒ္ဓစွယ်တော်ပွားတို့အား ဖူးမြော်ကြည်ညို၍ ဗုဒ္ဓပြတိုက်နှင့် ဓာတ်ပုံပြခန်းတို့အား ဝင်ရောက်ကြည့်ရှုလေ့လာကြပြီး အောင်မြေတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ ထို့နောက် ပေကျင်းမြို့ ဗုဒ္ဓဘာသာအသင်းမှ ဥက္ကဋ္ဌဆရာတော်နှင့် ဧည့်သည်တော်အဖွဲ့သည် တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်းခေါင်းလောင်းတော်ကြီးတွင် "မြန်မာ-တရုတ်" ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားပါစေကြောင်း ခေါင်းလောင်းထိုး၍ ဆုတောင်းခဲ့ကြပြီး နံနက် ၁၀ နာရီတွင် ပြန်လည်ထွက်ခွာသွားကြကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။ **ဝန်းရံ**

# ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် န၀ဒေးရပ်ကွက်ရှိ နှင်းဆီလမ်း၊ ပြည်လမ်း၊ ပြည်(၁)လမ်း၊ ခတ္တာလမ်း၊ ခတ္တာ(၁)လမ်း၊ အောင်ပန်းလမ်းနှင့် တောင်ကြီးလမ်းတို့တွင် အဓိကရေထုတ်မြောင်းနှင့် လမ်းဘေးရေမြောင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားများအသုံးပြု၍ ဆယ်ယူရှင်းလင်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့်နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဟောပြောပွဲသို့မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီဝင်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်များဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)က လူငယ်နှင့်မျိုးချစ်စိတ်ဓာတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုးက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)နှင့် နေပြည်တော်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုးတို့အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများထောက်ပံ့ပေးအပ်ရာကျောင်းအုပ်ဆရာမကြီး ဒေါ်ယမင်းသူက လက်ခံရယူသည်။

ဟောပြောပွဲအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ Community ခန်းမတွင် ဝါစိုက်တောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက်တပ်ကုန်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းညွန့်က ၂၀၂၄-၂၀၂၅ ခုနှစ် မိုး/မိုးနှောင်း ချည်မျှင်ရှည်ဝါသီးနှံ အထူးဇုန် စိုက်ပျိုးထားရှိမှု၊ ၂၀၂၃-၂၀၂၄ ခုနှစ် ချည်မျှင်ရှည်ဝါစိုက်ပျိုးပြီးစီးမှုနှင့် ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးထားရှိမှု၊ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးနှင့် မိုးနှောင်းချည်မျှင်ရှည်ဝါလျာထားချက်ပြည့်မီရန် ကျန်ရှိသည့်ဧကအပေါ် အခက်အခဲများနှင့် ဆက်လက်စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည်အေးချမ်းသာစံပြကျေးရွာရှိ စက်ရက်ကန်းအလုပ်ရုံ၏ လုပ်ငန်းလည်ပတ်နေမှုကိုလည်းကောင်း၊ ညောင်တုန်းအိုင်ကျေးရွာအုပ်စု ကွင်းအမှတ် (၂၀၂၁) တောင်သူ ဦးဇော်ဦး၏ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးနှင့် မိုးနှောင်း ချည်မျှင်ရှည်ဝါအထူးဇုန်စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး တပ်ကုန်းမြို့ သီတာအေးကျောင်းတိုက်၌ အေးချမ်းသာစံပြအုပ်စုအတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၅၀၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအားစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်မှာကြားစဉ်။

**◆ လွိုင်ကော်မြို့နှင့် ဆက်စပ်နေရာများတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကယားပြည်နယ်အား ပုံမှန်အခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်. . .**

**◆ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာ များတွင် ဝိုင်းဝန်းဆောင်ရွက်သွားရန်လို. . .**

နေပြည်တော် စက်တင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

ဦးစွာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)ဒေသကွပ်ကဲရေးမှူးဗိုလ်မှူးကြီးအောင်ကျော်ခိုင်က နယ်မြေဒေသလုံခြုံရေးအတွက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ လွိုင်ကော်မြို့နှင့် လွိုင်ကော်လေဆိပ်လုံခြုံရေး၊ လမ်း၊ တံတားများလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တပ်နယ်များအလိုက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ KNPP အဖွဲ့၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နယ်မြေတည်ငြိမ်မှု ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိမှု၊ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများဖမ်းဆီးရမိမှုနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၃ ခုနှစ်မှစတင်၍ လွိုင်ကော်ဒေသအတွင်း တိုက်ပွဲများဖြစ်ပေါ်ခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် လွိုင်ကော်ဒေသတို့တွင် တိုက်ပွဲများ တစ်ချိန်တည်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအနေဖြင့် ကြံ့ကြံ့ခံ၍ ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လွိုင်ကော်မြို့နှင့် ဆက်စပ်နေရာများတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကယားပြည်နယ်အား ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## နမ့်စန်မြို့၊ ဝမ်ပိန်းကျေးရွာအုပ်စု၊ ပန်လင်းဆိုင်ကျေးရွာ၌ ၂၀၂၄ ခုနှစ်၊ မိုးရာသီလူထုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

နေပြည်တော် စက်တင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်ပြီး ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာလှပသည့် သဘာဝပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်စေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ မိုးရာသီလူထုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နမ့်စန်မြို့၊ ဝမ်ပိန်းကျေးရွာအုပ်စု၊ ပန်လင်းဆိုင်ကျေးရွာ၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်အပင်များကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများထံ အသီးသီးပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ သစ်ပင်ပျိုးပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ်၊ မိုးရာသီလူထုသစ်ပင်စိုက်ပျိုးပွဲတွင် မန်ဂျန်ရှားပင် (၁၄၈၅)ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၁၅ မှအဆက်

**ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်ကော်မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ အကြမ်းဖက်သမားများကြောင့်ထိခိုက်ပျက်စီးခဲ့ရသည့်နေအိမ်အဆောက်အဦများ၊ လမ်းတံတားများကိုပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးထားမှုများ၊ ပြည်သူများအနေဖြင့် အေးချမ်းစွာဖြင့် ပုံမှန်သွားလာလုပ်ကိုင်နေထိုင်လျက်ရှိမှုများကိုကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် လှိုင်ကော်မြို့၊ သီရိမင်္ဂလာဈေးအား အဆင့်မြင့်သီရိမင်္ဂလာဈေးအသစ်အဖြစ် တည်ဆောက်နေမှု အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတစ်ဦးက ဈေးအသစ်ပြန်လည်တည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်နယ်၏မြို့တော်ရှိ ဈေးဖြစ်သဖြင့် တည်ဆောက်ရာတွင် အဆင့်မီသည့် ဈေးကြီးတစ်ခုအဖြစ် တည်ဆောက်နိုင်ရေး စနစ်တကျဒီဇိုင်းရေးဆွဲတည်ဆောက်သွားရန်လိုကြောင်း၊ ဆိုင်ခန်းများ၊ ကားရပ်နားရန်နေရာများ စနစ်တကျတည်ဆောက်ရန်နှင့် ရေပေးဝေမှုစနစ်များ၊ အမှိုက်စွန့်ပစ်မှုစနစ်များစနစ်တကျရှိစေရေး ကြိုတင်တွက်ချက်ဆောင်ရွက်သွားရန်နှင့်အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများပေးအပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

**သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်စေတီတော်ကြီးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှတာဝန်ရှိသူများက လက်ခံရယူကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးရှိခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးရှိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်စဉ်။

# စာရင်းဇယားမှန်ကန်ဖို့ သန်းခေါင်စာရင်းကောက်ကြစို့

စိန်ငွေးလှိုင်(ပခုက္ကူ)



နိုင်ငံတစ်နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူ၊ နိုင်ငံသားလူတစ်ဦးချင်းစီရဲ့အသက်၊ လူမျိုး၊ ကိုးကွယ်တဲ့ဘာသာ၊ ယောကျ်ား၊ မိန်းမအလုပ်အကိုင် စတာတွေကို ပြည့်ပြည့်စုံစုံမှတ်တမ်းတင်ထားတဲ့ စာရင်းကို ''သန်းခေါင်စာရင်း''လို့ ခေါ်ဆိုကြပါတယ်။ သန်းခေါင်စာရင်းကို အင်္ဂလိပ်လို Census လို့ခေါ်ဆိုပြီး လက်တင်ဘာသာစကား Censere မှဆင်းသက်လာပါတယ်။ ကုလသမဂ္ဂကသန်းခေါင်စာရင်းကောက်ယူတာနဲ့ပတ်သက်ပြီး ''၁၀ နှစ်လျှင်တစ်ကြိမ် ကောက်ယူရန်၊ လူတစ်ဦးချင်းစီကိုကောက်ယူရန်၊ နယ်နိမိတ်တစ်ခုအတွင်းရှိနေထိုင်သူအားလုံးကိုကောက်ယူရန်၊ သတ်မှတ်ထားသောအချိန်ကာလအတွင်း တစ်ပြိုင်တည်းကောက်ယူရန်၊ နိုင်ငံတကာကျင့်သုံးမှုများနှင့် ကိုက်ညီရန်''အကြံပြုထားပါတယ်။ ယနေ့ခေတ် သန်းခေါင်စာရင်းကောက်ယူရာမှာ လူဦးရေအရေအတွက်ကိုသာမကဘဲ တစ်ဦးချင်းစီရဲ့အသေးစိတ်အချက်အလက်များကိုပါ ကောက်ယူလျက်ရှိပြီး "လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း" လို့ ခေါ်ဝေါ်ပါတယ်။

မြန်မာနိုင်ငံမှာ ရှေးမြန်မာမင်းများလက်ထက်ကတည်းက သန်းခေါင်စာရင်းကို ကောက်ယူခဲ့ပါတယ်။ မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ် သာလွန်မင်းတရားကြီးလက်ထက်မှာ နိုင်ငံတော်လူဦးရေ၊ အိမ်ခြေ၊ မြေအကျယ်အဝန်း၊ သီးနှံအထွက်နှုန်း၊ စီးပွားရေးအခြေအနေနဲ့ပေးဆောင်ရတဲ့အခွန်နှုန်းတို့ကို စစ်တမ်းအဖြစ် ကောက်ယူခဲ့ပါတယ်။ ၁၈၇၂ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ ညသန်းခေါင်အချိန်မှာ အင်္ဂလိပ်တို့က အောက်မြန်မာပြည်မှာ လူဦးရေစာရင်းကောက်ယူခဲ့ရာက ယနေ့ထက်တိုင် သန်းခေါင်စာရင်းလို့ အမည်တွင်လာခဲ့ပါတယ်။ ၁၀ နှစ် တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူမှုကို ၁၈၈၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးကာလ မြန်မာနိုင်ငံတော်အစိုးရဟာ သန်းခေါင်စာရင်းကောက်ယူတာကို ၁၉၅၃ ခုနှစ်မှ ၁၉၅၄ ခုနှစ်အထိ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါတယ်။ ပထမအဆင့်အနေနဲ့ ၁၉၅၃ ခုနှစ်မှာ မြို့ပေါင်း ၂၅၂ မြို့၊ ဒုတိယအဆင့်အနေနဲ့ ၁၉၅၄ ခုနှစ်မှာ ပြည်မကျေးရွာအုပ်စုပေါင်း ၂၁၄၃ အုပ်စုနှင့်ကချင်ပြည်နယ်မှ ကျေးရွာအုပ်စု ၁၀၁၆ အုပ်စုတို့မှ ကောက်ယူခဲ့ပါတယ်။ ဒီလိုကောက်ယူရာမှာ နိုင်ငံဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းကိုသာ ကောက်ယူနိုင်ခဲ့ပြီး ကျန် ၇၀ ရာခိုင်နှုန်းကို ၁၉၆၁ ခုနှစ်မှာ ကောက်ယူဖို့သတ်မှတ်ပေမယ့် မဆောင်ရွက်နိုင်ခဲ့ပါ။ ၁၉၇၃ ခုနှစ်နဲ့ ၁၉၈၃ ခုနှစ်တို့မှာ တစ်ကြိမ်စီကောက်ယူခဲ့ပြီး နောက်ပိုင်းကာလတွေမှာ ပြည်လုံးကျွတ်အဆင့် မကောက်ခံနိုင်ခဲ့ပါ။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဟာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(United Nations Population Fund) ရဲ့ပံ့ပိုးကူညီမှုနဲ့ ''ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း''ကောက်ယူမှုကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်ကနေ ဧပြီလ ၁၀ ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာမှာ အိမ်ထောင်စုပေါင်း ၁၂ သန်းကျော်အတွက် စာရင်းရယူနိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပြည်ထောင်စုလူဦးရေမှာ ၅၁၄၈၆၂၅၃ ဦးရှိပါတယ်။ ၂၀၁၉ ခုနှစ်မှာ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ ခရိုင် ၇၁ ခုတို့မှ ကြားဖြတ်သန်းခေါင်စာရင်းကောက်ခဲ့ပြီး သမားရိုးကျအိမ်ထောင်စုလူဦးရေပျမ်းမျှ ၅၁၁၄၄၆၀၇ ဦးရှိကြောင်း အညွှန်းကိန်းများအရ သိရှိရပါတယ်။

သန်းခေါင်စာရင်းဆိုတာက ပြည်သူတို့ရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးစတဲ့အကြောင်းအရာများနဲ့ သက်ဆိုင်နေပါတယ်။ နိုင်ငံတစ်ခုမှာ အစိုးရရဲ့လုပ်ငန်းများ လုပ်ဆောင်ရာမှာ သန်းခေါင်စာရင်းကိုအခြေခံရမြဲဖြစ်ပါတယ်။ အစိုးရအဖွဲ့ဟာ တိုင်းပြည်တစ်ခုလုံးရဲ့လူဦးရေ၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု၊ အသက်အပိုင်းအခြားအလိုက်ယောကျ်ား၊ မိန်းမဦးရေ၊ ပညာသင်ကြားလျက်ရှိသူ၊ ပညာတတ်မြောက်သူ၊ လုပ်ငန်းအမျိုးမျိုးမှာ လုပ်ကိုင်သူ၊ ကလေးမွေးဖွားမှုနှုန်းတို့ပါဝင်တဲ့ အကြောင်းအချက်စာရင်းတွေကို သိရှိထားရပါမယ်။ ဒီအကြောင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး မှန်မှန်ကန်ကန်သိနိုင်ဖို့ သန်းခေါင်စာရင်းကို ကောက်ယူကြရပါတယ်။ တိုင်းရင်းသားပြည်သူအားလုံးရဲ့ စီးပွားရေးကိုစီမံကိန်းများနဲ့ အကောင်အထည်ဖော်ရာမှာ သန်းခေါင်စာရင်းဟာ အရေးပါလှပါတယ်။ ဒါ့ကြောင့် သန်းခေါင်စာရင်းမှာ ပြည်သူတစ်ဦးချင်းအတွက်ဖြစ်စေ၊ တိုင်းပြည်အတွက်ဖြစ်စေ လွန်စွာအရေးကြီးပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စက်တင်ဘာလ ၁ ရက်နေ့ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ပြောကြားသည့် ဗီဒီယိုမိန့်ခွန်းတွင် သန်းခေါင်စာရင်းကောက်ယူခြင်း၏အရေးပါပုံကို **''သန်းခေါင်စာရင်းကရရှိတဲ့ ကိန်းဂဏန်းတွေဟာ ကျွန်တော်တို့ အစိုးရလက်ထက်သာမက နောင်အစိုးရအဆက်ဆက်ထိ လက်ဆင့်ကမ်းအမွေပေးရမယ့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိန်းဂဏန်းအချက်အလက်တွေဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ဒီလိုတန်ဖိုးမဖြတ်နိုင်တဲ့ အချက်အလက်တွေကို မှန်မှန်ကန်ကန် ဖော်ထုတ်နိုင်ဖို့ နိုင်ငံတွင်းနေထိုင်ကြသူအားလုံးကို လူဦးရေနဲ့အိမ်အကြောင်းအရာဆိုင်ရာမေးခွန်းတွေ မေးမြန်းကောက်ယူသွားမှာလည်းဖြစ်ပါတယ်။ ဒီနေရာမှာ အရေးကြီးဆုံးကတော့ မေးခွန်းတွေကို မှန်မှန်ကန်ကန်ပြည့်ပြည့်စုံစုံ ဖြေဆိုပေးကြဖို့လိုအပ်ပြီး မိမိအတွက်၊ မိမိ မိသားစုအတွက်၊ မိမိသားစဉ်မြေးဆက်အတွက်၊ နိုင်ငံတော်အတွက် အနည်းဆုံး (၁၀)နှစ်စာ စီမံဆောင်ရွက်နိုင်တဲ့အခြေခံအချက်အလက်များရရှိစေနိုင်မယ့် အကျိုးရှိတဲ့ လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောလိုပါတယ်''**ဟု ထည့်သွင်းပြောကြားသည်။

သန်းခေါင်စာရင်းကောက်ယူမှုမှာ နိုင်ငံသူ၊ နိုင်ငံသားများရဲ့အခွင့်အရေးနဲ့ပြည်သူလူထုအကျိုးလို့ ဆိုရပါမယ်။ နိုင်ငံတစ်နိုင်ငံမှာ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံရွေးကောက်ပွဲများကျင်းပရာမှာ ဆန္ဒမဲပေးသူစာရင်းမှာ တိကျမှန်ကန်မှုရှိရပါမယ်။ ဒီစာရင်းကို သန်းခေါင်စာရင်းမှရယူပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာ ''ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်''လို့ ပါရှိပါတယ်။ ဒါ့ကြောင့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၄ ခုနှစ်မှာ ကျင်းပခဲ့ပြီးဖြစ်လို့ ၂၀၂၄ ခုနှစ်မှာ အချိန်ကျရောက်ပြီဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်များမှာ ''တိကျမှန်ကန်သည့် လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်စာရင်းများကို အချိန်နှင့်တစ်ပြေးညီစဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာသုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက် ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတို့ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အညွှန်းကိန်းများကို နောက်ဆုံးအခြေအနေနှင့်အညီ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန်''ဖြစ်သည်။

လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရာမှာ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်ဖြစ်ပြီး မြန်မာနိုင်ငံနယ်နိမိတ်အတွင်းနေထိုင်သူအားလုံးကို စာရင်းကောက်ယူပါမယ်။ ဘိုးဘွားရိပ်သာ၊ မိဘမဲ့ဂေဟာ၊ ဘုန်းတော်ကြီးကျောင်း၊ အကျဉ်းထောင်၊ ဘော်ဒါဆောင်၊ ဆေးရုံ၊ အိမ်ခြေရာမဲ့သူများအပါအဝင် လူအားလုံးကိုလည်း ကောက်ယူပါမယ်။ ရှေ့ပြေးအစီရင်ခံစာကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှာ ထုတ်ပြန်နိုင်ဖို့နဲ့၊ ပြည်နယ်/တိုင်းဒေသကြီးအလိုက် အစီရင်ခံစာများကို ၂၀၂၅ ခုနှစ်အတွင်း ထုတ်ပြန်နိုင်ဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ စာရင်းစစ်၊ စာရင်းကောက်များအဖြစ် ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနဲ့စိတ်ပါဝင်စားသူများကိုခန့်အပ်ပါမယ်။ နိုင်ငံတကာမှာ အသုံးပြုနေတဲ့ ကွန်ပျူတာအထောက်အကူပြုလူတစ်ဦးချင်းကောက်ယူတဲ့စနစ်(Computer Assisted Personal Interviews–C.A.P.I)ကိုအသုံးပြုကာ ပရိုဂရမ်ထည့်သွင်းထားတဲ့ Mobile Tablet များနဲ့အိမ်တိုင်ရာရောက် ကောက်ယူသွားမှာဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းနဲ့ပတ်သက်ပြီး ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့ “သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ”ကို ဖွဲ့စည်းထားရှိပါတယ်။ နိုင်ငံပိုင်မီဒီယာများ၊ ဝက်ဘ်ဆိုက်များ၊ အွန်လိုင်းမီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ပိုစတာစိုက်ထူခြင်း၊ တိုင်းရင်းသားဘာသာစာပေများဖြင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ ဆောင်ရွက်လျက်ရှိပါတယ်။

အချုပ်အားဖြင့်ဆိုရရင် "၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း"ဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ဖွံ့ဖြိုးရေးလျာထားချက်များနဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်များကိုအထောက်အကူပြုလျက်ရှိပါတယ်။ ၂၀၂၄ ခုနှစ် စာရင်းမှရရှိတဲ့အချက်အလက်များမှာ လွတ်လပ်ပြီးတရားမျှတတဲ့ပါတီစုံရွေးကောက်ပွဲကြီးကို အဓိကအထောက်အကူပြုမှာဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့စီမံခန့်ခွဲရေးကိစ္စရပ်များမှာ အကျိုးရှိရှိလုပ်ဆောင်နိုင်မည်ဖြစ်ပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့ ယခုဆောင်ရွက်မယ့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များမှာ အင်တိုက်အားတိုက်ပူးပေါင်းပါဝင်ကြရန် နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA) အမှုဆောင်ကော်မတီအသစ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တွေ့ဆုံ





နေပြည်တော် စက်တင်ဘာ ၄

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း(MOEAA)၏ အမှုဆောင်ကော်မတီအသစ်ကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။


အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA)မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ-၁၊ ဒုတိယဥက္ကဋ္ဌ-၂ ၊ အထွေထွေအတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီအဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA)၏ ၂၀၂၄-၂၀၂၅ နှစ်နှစ်သက်တမ်းအတွက် အမှုဆောင်ကော်မတီဝင်များအနေဖြင့် အသင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် ဥပဒေ၊ ညွှန်ကြားချက်များ၊ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာပြီး ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် ဦးဆောင်ပြီး စည်းရုံးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA) အမှုဆောင်ကော်မတီများနှင့် သက်ဆိုင်ရာနိုင်ငံအလိုက် လုပ်ငန်းကော်မတီအဖွဲ့ခေါင်းဆောင်များ၏ဆွေးနွေးတင်ပြမှုများကို ညွှန်ကြားရေးမှူးချုပ်နှင့်အမြဲတမ်းအတွင်းဝန်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MOEAA) နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအနေဖြင့် မိမိတို့နိုင်ငံသားများ၏အကျိုးကိုရှေးရှုပြီး စေတနာထားဆောင်ရွက်ပေးကြရန်၊ အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ထူးခြားဖြစ်စဉ်များကို ဦးစီးဌာနနှင့် ဝန်ကြီးဌာနသို့ အချိန်မီတင်ပြပေးကြရန်နှင့် ပြည်ပသို့ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်၊ မိသားစုလွှဲပို့ငွေများကို ဝန်ကြီးဌာနမှချမှတ်ထားသော မူဝါဒများနှင့်အညီ အောင်မြင်အောင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ (မဝလ)

# ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအတွင်းရှိ ပြင်ပလူနာဌာန၊ ခွဲစိတ်ခွဲခန်း၊ ခွဲစိတ်မှန်ခန်းများနှင့် အတွင်းလူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေသည့်လူနာများကို အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထိုသို့လှည့်လည်ကြည့်ရှုစဉ် ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆေးရုံဆိုင်ရာ အချက်အလက်များနှင့် ကုသရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်သမားများကြောင့် ပျက်စီးသွားသည့်အဆောက်အအုံများ၊ ကွန်ပျူတာဓာတ်မှန်(CT)စက်နှင့် ဓာတ်မှန်စက်များ အမြန်ဆုံး ပြန်လည်ပြုပြင်၍ အသုံးပြုနိုင်ရေး၊ ဆေးရုံကြီးသန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရေးတို့ကို ဝန်ထမ်းများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်သူများ စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေး တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန်တို့ကိုမှာကြားပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးပွဲစဉ်များဆက်လက်ကျင်းပ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို ၁ ဂိုး ဂိုးမရှိ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အသီးသီးအနိုင်ရရှိ



နေပြည်တော် စက်တင်ဘာ ၄

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် အဓိကစွမ်းအားစုဖြစ်သည့်ကျောင်းသား၊ ကျောင်းသူလူငယ်များကို အားကစားကဏ္ဍအပါအဝင် ဘက်စုံ၊ ကဏ္ဍစုံတွင် နိုင်ငံ၏သားကောင်းသမီးကောင်းများဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ၏ အုပ်စု(က) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိလေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် ကွင်းအမှတ်(၃)တို့၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ကွင်းအမှတ်(၁)တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွင်းအမှတ်(၃)တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားကြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်မိဘပြည်သူများ လာရောက်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် လွိုင်ကော်မြို့သီရိမင်္ဂလာဈေးအား အဆင်မြင့် သီရိမင်္ဂလာဈေးအသစ်အဖြစ် တည်ဆောက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဆင်မြင့်သီရိမင်္ဂလာဈေးအသစ်ပြန်လည်တည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

✭ **စာမျက်နှာ ၁၇ မှအဆက်**

ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ဇဟုသုတများ တိုးပွားလာမည်ဖြစ်ကြောင်း။

ကျန်းမာရေးမြှင့်တင်မှုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် ပြည်သူ့ဆေးကုသမှုမြှင့်တင်ရေးလုပ်ငန်းများကို လွိုင်ကော်ဒေသတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင်လည်း မိမိကိုယ်တိုင်လာရောက်၍ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ယခုအခါတွင်လည်း နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံဖြစ်ရန်လိုကြောင်း၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် သောက်စားမှုများ၊ စားသောက်မှုများမဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ပြီး ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအသိဖြင့် အကျိုးရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း။

**❖ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အစိုးရတစ်ခုတည်းသာမက ဒေသခံပြည်သူလူထုမှလည်း အတူတကွဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လို၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ချိန်တွင် ဒေသအတွင်း ပြန်လည်ဝင်ရောက်နေထိုင်၍ လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုကို မိမိအနေဖြင့် ဂုဏ်ယူအသိအမှတ်ပြုချီးကျူး. . .**

### ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတူတကွဝိုင်းဝန်းဆောင်ရွက်

လွိုင်ကော်ဒေသအတွင်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ၊ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြန်လည်ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ အများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကိုဦးစားပေး၍ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က တည်ဆောက်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသကို မိမိတို့၏အသိစိတ်ဓာတ်ဖြင့် ကိုယ်စီထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပြည်နယ်ယဉ်ကျေးမှုပြတိုက်ရှိပစ္စည်းများကို ယူဆောင်ခြင်းနှင့် ဖျက်ဆီးခြင်းများ ဆောင်ရွက်သွားသည်ဟုသိရကြောင်း၊ ဖြစ်ပေါ်နေသည့်အခြေအနေများကိုသင်ခန်းစာယူ၍ ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အစိုးရတစ်ခုတည်းသာမက ဒေသခံပြည်သူလူထုမှလည်း အတူတကွဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ချိန်တွင် ဒေသအတွင်း ပြန်လည်ဝင်ရောက်နေထိုင်၍ လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုကို မိမိအနေဖြင့် ဂုဏ်ယူအသိအမှတ်ပြုချီးကျူးပါကြောင်း။

မိမိတို့အနေဖြင့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်း၌လည်း သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရွေးကောက်ပွဲမကျင်းပမီကြိုတင်ပြင်ဆင်သည့်ကာလအတွင်း ကိုယ်စားလှယ်လောင်းများအနေဖြင့် စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုများရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**စာမျက်နှာ ၁၂ သို့** ✭






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

✯ ကျောဖုံးမှအဆက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်ဒေသခံပြည်သူများတက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ လွိုင်ကော်မြို့အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိမှု၊ လူနေရပ်ကွက်များအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်ပင်များစိုက်ပျိုးထားရှိမှု၊ ဒေသတွင်း ဆန်နှင့်ဆီဖူလုံမှု၊ သီးနှံစိုက်ပျိုးမှုများ အထွက်နှုန်းတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများထုတ်ချေးပေးထားမှု၊ လွိုင်ကော်စက်မှုဇုန် ပြန်လည်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်မြေဩဇာများနှင့် အစေ့ချကိရိယာများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ ဒေသအတွင်း ထုတ်ကုန်များထုတ်လုပ်လျက်ရှိမှု၊ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ လွိုင်ကော်မြို့ရှိ အခြေခံပညာကျောင်းများ၊ ကောလိပ်နှင့်တက္ကသိုလ်များပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊

**❖ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သောလက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေမည့်ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလို. . .**

**❖ ပြည်သူလူထုကိုအကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်. . .**

ဌာနဆိုင်ရာအဆောက်အအုံများအား ဦးစားပေးအလိုက် ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိမှု၊ သောက်သုံးရေလုံလောက်စွာရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ပျက်စီးခဲ့မှုနှင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ လွိုင်ကော်လေဆိပ်ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ခရီးသည်ယာဉ်လိုင်းများနှင့် ကုန်တင်ယာဉ်များ ပြန်လည်ပြေးဆွဲလျက်ရှိမှု၊ ဆက်သွယ်ရေးတာဝါတိုင်နှင့် မိုဘိုင်းဆက်သွယ်ရေးစခန်းများ ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ထောက်ပံ့ပေးမှု၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သီရိမင်္ဂလာဈေးအသစ် ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ လွိုင်ကော်မြို့အား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေးဆောင်ရွက်လျက်ရှိမှုနှင့် အားကစားနှင့် ပျော်ပွဲရွှင်ပွဲများပြုလုပ်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်သမားများ၏အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးရှိ ပျက်စီးခဲ့သည့် ကုသရေးအထောက်အကူပြု စက်ပစ္စည်းများ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဒေသတွင်နေထိုင်သူများက ဒေသ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် လုပ်ဆောင်ခြင်းသည် အလွန်ဆိုးရွားသည့်လုပ်ရပ်ဖြစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့်ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့်ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့်ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသည့် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**❖ လွိုင်ကော်မြို့ရှိ စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများ ပြန်လည်တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်၊ တက္ကသိုလ်များကိုလည်းဖွင့်လှစ်သင်ကြားနိုင်ရေးဆောင်ရွက်ပြီး အခြားမြို့များတွင် သွားရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ မိမိတို့နေထိုင်သည့်ဒေသ၌ ပြန်လည်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်. . .**

ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မကြာမီကာလက လွိုင်ကော်ဒေသအတွင်း KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့အပါအဝင် မြို့ရွာများထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ကယားပြည်နယ်အတွင်းနေထိုင်သည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက တိုက်ခိုက်သည့်လုပ်ရပ်ဖြစ်သဖြင့် ဆိုးရွားသည့်လုပ်ရပ်များပင်ဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြခြင်းဖြစ်ပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုနောက်ကျစေရန်နှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ဆောင်သည်မှာလည်း ဒေသခံများပင်ဖြစ်ကြောင်း၊ ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့ သက်ဆိုးရှည်စေမည့်ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလိုကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူ တိုက်ခိုက်ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့ယာယီအားဖြင့် ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကို အကာအကွယ်ယူ၍ တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေး လုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ကျန်းမာရေးနှင့်**
**ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်**

ဒေသအလိုက် ပညာရေးကဏ္ဍကောင်းမွန်ပါက ဒေသဖွံ့ဖြိုးမှုများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍတွင် အားနည်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဟူသည့်အတိုင်း အတန်းပညာများသင်ယူချိန်တွင် သင်ကြားပြသပေးသည့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများသည် ကလေးငယ်များ၏ ဘဝတစ်လျှောက်လုံးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသအတွင်း ပညာတတ်များ ပေါ်ကြွယ်ဝလာမည်ဆိုပါက ၎င်းတို့ဘဝအတွက် အထောက်အကူပြုစေမည် ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကယားပြည်နယ်အတွင်း ပညာရေးကဏ္ဍ မြှင့်တင်ရေးအတွက် အားလုံးက ဝိုင်းဝန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ လွိုင်ကော်မြို့ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများ ပြန်လည်တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များကိုလည်း ဖွင့်လှစ်သင်ကြားနိုင်ရေးဆောင်ရွက်ပြီး အခြားမြို့များတွင် သွားရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ မိမိတို့နေထိုင်သည့်ဒေသ၌ ပြန်လည်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေး အားလုံးက ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းနေအရွယ်ကိုကျော်လွန်သွားသည့် လူငယ်များအတွက်လည်း ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် စာကြည့်တိုက်များတွင် စာဖတ်နိုင်ရေး **စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets members of Kayah State cabinet, state level departmental officials, local elders and local people and discusses regional development

NAY PYI TAW September 4

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met members of Kayah State cabinet, state level departmental officials, local elders and local people at Kayah State government office this afternoon and discussed regional development.

Also present together with the Senior General were SAC Joint Secretary General Ye Win Oo, SAC members Lt-Gen Yar Pyae, Porel Aung Thein, Khun San Lwin, union ministers Lt-Gen Tun Tun Naung, Dr Thet Khaing Win, U Myo Thant, Kayah State Chief Minister U Zaw Myo Tin, senior military officers from the Office of the Commander-in-Chief, the Eastern Command commander and deputy ministers.



Senior General Min Aung Hlaing visits Myo Nam Shwe Pagoda.



Senior General Min Aung Hlaing meets Kayah State Government members, departmental personnel and local people.

**Regional facts and development activities presented**

The chief minister reported on regional facts, return of temporarily displayed persons back to their homes in Loikaw, mine clearing in the residential wards, ongoing farming activities, perennial crop cultivation, rice and cooking sufficiency in the area, efforts to increase crop yield, loans disbursed from national economic development fund, resumption of Loikaw industrial zone, distribution of chemical fertilizers and seeding machines at reasonable prices, local production industries, upgrading of health sector, reopening of basic education schools and institutions of higher learning in Loikaw, rehabilitation activities, priority repair programs for government buildings, drinking water supply, repair of damaged sub-power stations, renovation of Loikaw airport, resumption of passenger buses and cargo trucks, ongoing repair programs for communication towers and mobile communication towers, aid programs for temporarily displaced persons and departmental personnel, security operations, new Thiri Mingala market project, ongoing Loikaw modernization programs, and holding of sports meets and fun fairs.



Senior General Min Aung Hlaing presents gifts.

As regards the report, Union Minister for Health Dr Thet Khaing Win explained the work of replacing the treatment-aids and machines destroyed by terrorist attacks with the new ones.

**Acts to destroy the interest of locals is a terrible crime**

In his address, the Senior General said towns and villages including Loikaw faced destruction caused by the attacks of KNDF and PDF terrorists not long ago. It was a hideous attack of armed terrorists residing in Kayah State. Locals are the person who develop their own region, and they also can be the persons who hindered regional development and destroy peace and stability. It showed that they are politically immature. So, people should prevent the existence of such local armed terrorists that are destroying peace, stability of the area and security of the locals as a means to stop terrorist acts. Terrorist insurgents were taking cover in the homes of locals in towns and villages in launching attacks. As they were using the people as their shield in the towns and villages they had seized,

See Page - 19

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects stability measures in Regional Military Command (Loikaw)

NAY PYI TAW September 4

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing. accompanied by Commander-in-Chief (Navy) Vice Admiral Htein Win, Commander-in-Chief (Air) General Tun Aung, union level officials, senior military officers from the Office of the Commander-in-Chief and officials, inspected measures for stability in Regional Military Command (Loikaw) this morning.

First, Region Military Command (Loikaw) Commander Col Aung Kyaw Khaing reported to the Senior General on security measures taken by Tatmadaw personnel in cooperation with members of the police, security and Loikaw and Loikaw Airport, security of roads and bridges, efforts for stability in respective stations, attempts of KNPP, KNDF and so-called PDF terrorists to destabilize the region, arrests of so-called PDF terrorists and seizures of weapons and ammunition.



The Region Military Command (Loikaw) Commander presents regional security report to Senior General Min Aung Hlaing.

After hearing the reports, the Senior General said clashes have broken out in Shan State (North) and Loikaw simultaneously since 2021 and officers and other ranks and families of the Tatmadaw relentlessly fought the enemies back. The Tatmadaw has been safeguarding the sovereignty of the country and our three main national causes. Tatmadaw personnel and members of the police performing duties uninterruptedly for security of lives and property of the people. Efforts must be made to carry out security measures in areas related to Loikaw and to bring normalcy to Loikaw. It is necessary to concerted efforts for security to successfully conduct population and household census. In conclusion, the Senior General gave other necessary instructions on regional security and stability. **100**

---

●● **From Page - 18**

anti-terrorist campaigns will gain extra momentum if people have the awareness to stay away from them.

**Upgrading the health and education sectors**

The whole region will achieve progress if there is area-wise development in education field. The country faced weakness in the education sector, and the government is exerting efforts for its development. In accord with the motto **"national discipline begins at schools"** teachings of teachers at the classrooms will be beneficial for the children throughout the whole life. Increase in the number of educated persons in a place will benefit the lives of people and the place itself. Hence, collective efforts are required to improve the education standard of Kayah State. So, arrangements will be made to reopen schools in Loikaw and students to attend classes. Likewise programs to open universities are also underway to enable students pursuing education in other places to attend classes at their own region. All should participate in ensuring enrolment for school age children. Arrangements should be made for those who have passed the school age to learn at town/village-wise libraries. In this way, knowledge can be dissemination on an extensive way.



Senior General Min Aung Hlaing greets those in attendance.



Senior General Min Aung Hlaing presents food to a local.

Regarding health promotion, the Tatmadaw has initiated public health care promotion activities in the Loikaw region. During this period, the Senior General said he personally visited and discussed issues related to education, health, and regional development. The state continues to carry out activities to enhance the health sector of the public. Citizens are encouraged to maintain a lifestyle aligned with health and avoid behaviors and consumption habits that could harm their health. By doing so, each individual's socio-economic life will improve; healthy individuals can work, and healthy individuals can learn. Therefore, it is hoped that health awareness will lead to beneficial actions.

**Rehabilitation efforts involve the joint participation of local residents**

Restoration work will be carried out on the roads, bridges, and communication infrastructure in the Loikaw region that were damaged due to the destructive activities of insurgents.

**See Page - 20** ●●

►► From Page - 21

**terrorists. Nobody should stop development tasks for a region or acountry and they have to march forwards and work steadfastly.** If they stop they will lag behind development. Emphasizing rehabilitation for damaged structures causes a delay to carry out development tasks. Only residents can undertake peaceful and stable measures as well as development of the region. Likewise, residents also commit attempts to cause instability and to delay development tasks of the region. As such, residents have to cooperate with depart mental staff, administrative bodies and security forces in ensuring peace and stability, rule of law and development undertakings for the sake of their region. They have to widen their scope for the sake of the region and bring about their process with positive attitudes.

The Senior General urged departmental staff to promote the socio-economic development of the region, focusing on education and health. He emphasized that regional progress depends on improving local skills and knowledge, encouraging residents to pursue education. He also stated that the government and the Tatmadaw will restore villages, including Hsihseng town, damaged by terrorists, and called on local people to actively participate. The Senior General warned that stagnation is detrimental to both the region and the country, urging everyone to make a concerted effort to achieve development, stability, and peace.



Senior General Min Aung Hlaing greets Tatmadaw families, departmental staff and local people.



Senior General Min Aung Hlaing views the map showing the site for reconstructing Hsihseng central market.

After that, the Senior General, provided food and supplies for the local military personnel and family members, local people, militia (local) members and they were received by the representatives. After that, the Senior General and members greeted departmental officials from Hsihseng town, local military personnel and family members, members of Myanmar Police Force, militia (local) forces, city leaders and officials cordially.

Hsihseng town, located 3,310 feet above sea level in the Pa-O Self-Administered Zone, is bordered by Hopong Township to the north, Maukmai Township to the east, Kayah State to the south, and Pekhon, Nyaungshwe, and Taunggyi townships to the west. It is predominantly inhabited by the Pa-O people, who have traditionally lived and worked there peacefully. However, the PNLO terrorist group, influenced by the KNDF and PDF terrorist groups, disrupted the region's stability, affecting the socio-economic lives of the local people and carrying out acts of violence against the Pa-O ethnic community. In response, with the cooperation of nearly all villagers from the surrounding areas, the Tatmadaw and local militia forces successfully regained control of the Hsihseng area from the terrorists. The government and the Tatmadaw are now actively engaged in rehabilitation efforts, and the displaced ethnic residents are returning to their homes, resuming their peaceful lives and work.

100

●● From Page - 19

The government prioritizes issues of public concern. Just as the government is constructing, local citizens are also expected to protect and manage their region with their own knowledge and spirit. Reports indicate that insurgents have looted and destroyed items in the state's cultural museum. Lessons must be learned from these situations to restore normalcy. Rehabilitation efforts require not only the government but also the collective cooperation of local people. Government staff who are involved in these rehabilitation efforts are commended for their dedication to living and fulfilling their duties in the region.

Preparations are underway to conduct a free and fair multiparty democratic general election again. These preparatory activities include conducting a population census in October. In Kayah State, efforts should be made to successfully conduct the census, and during the preparatory period before the election, candidates are required to carry out campaigning activities. To enable these activities, peace and stability in the region must be ensured.

Afterwards, the Senior General presented food and relief supplies to members of the Kayah State government, state-level officials, security forces, and displaced people. The State Chief Minister and officials received these supplies.

Following the meeting, the Senior General cordially greeted the Kayah State government members, state-level officials, local elders, and local people.

**Rehabilitation tasks inspected**

Then, the Senior General and party traveled by vehicles around Loikaw town to inspect the restoration of homes, roads, and bridges that were damaged by insurgents. They observed that citizens were living and moving peacefully in their daily lives.

Later, they visited the new construction site of the advanced Thiri Mingala Market in Loikaw, which had been damaged by insurgent activities. In a briefing room, the Kayah State Chief Minister and a responsible officer clarified the status of rebuilding the new market. The Senior General directed that the market, being the capital's central market, should be designed and constructed as a modern market with proper shops, parking spaces, water supply, and waste disposal systems.

**Obeisance paid to the historic Myo Nam Shwe Pagoda**

Then, they proceeded to the historic and revered Myo Nam Shwe Pagoda in Loikaw, where they paid homage to the Buddha image inside the pagoda and offered flowers, water, and oil lamps. The Senior General signed the guestbook and donated funds for the comprehensive renovation of the pagoda, which were received by responsible officials from the pagoda board of trustees.

Finally, the Senior General circumambulated the pagoda in a clockwise direction to pay homage and struck the bell in reverence. 100

# SAC Chairman Prime Minister Senior General Min Aung Hlaing inspects rehabilitation of Hsihseng region damaged by terrorists in Pa-O Self-Administered Zone, provides aid to residents

NAY PYI TAW September 4

Hopong and Hsihseng townships in Pa-O Self-Administered Zone of Shan State (South) have suffered from impacts of loss and damage in terror acts of PNLO, KNDF and PDF terrorists which steadfastly commit subversive acts with attacks in towns and villages where local national races reside, dropping bombs on religious buildings and schools and firing on these areas with heavy weapons but they chant doing good deeds for development of the regions.

This morning, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, the Chief Minister of Shan State, the Commander of Eastern Command, and officials inspected rehabilitation process in Hsihseng region.

First, the Senior General headed to Hsihseng along Taunggyi-Hopong-Hsihseng road and viewed peaceful daily routine of the majority of Shan and Pa-O ethnic people and progress of agriculture and livestock farming tasks.

In Hsihseng, the Shan State Chief Minister, Chairman of Pa-O Self-Administered Zone Administration Body U Khun Ye Htwe and officials reported on a plan to rebuild Hsihseng Myoma market damaged by terrorists.

The Senior General gave guidance to design the new market as a modern facility with proper area of shops and consider construction tasks with water and power supply and car parks.

On arrival at the staff rental housing of the Department of Urban and Housing Development in Hsihseng, the Senior General heard reports on damage of the housing by terrorists and repairing process by officials and gave necessary instructions.

Then, the Senior General paid homage to assistant abbot of Zawanarama Monastery Bhaddanta Pannasila and members of the Sangha and donated offerings.



Senior General Min Aung Hlaing offers alms to a Sayadaw.

The Senior General cordially met with departmental officials, local Tatmadaw members and families, member of Myanmar Police Force, local people's militia members, town elders and officials in Hsihseng, the Senior General said that Pa-O Self-Administered Zone is blessed with sound foundations and the region is potential for successful carrying out of development tasks. But, **Hsihseng region where innocent Pa-O national races have been residing in successive eras peacefully faced loss and damage in naughty terror acts of opportunist PNLO**

See Page - 20 ►►



Senior General Min Aung Hlaing presents food to locals.



Senior General Min Aung Hlaing presents food.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း လက်ခံတွေ့ဆုံ



နေပြည်တော်  စက်တင်ဘာ  ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး နှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi ကို ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စု ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီး ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/ ၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်ကြည့်ရှုအားပေး



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/ ၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော်  စက်တင်ဘာ  ၄

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/ ၂၀၂၄)သို့တက်ရောက်မည့်နိုင်ငံ့သားကောင်း ရတနာများအားယနေ့တွင်အနောက်တောင် တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၅/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာ များအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြော ကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိနယ်မြေခံသင်တန်း၌ ပြည်သူ့ စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄) သို့တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအား တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ဂုဏ်ပြု ကြိုဆိုကြပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

(၁၀၀)

# မီတာများ စနစ်တကျမှန်ကန်စွာဖတ်ရှုရေး၊ ဓာတ်အားခွဲရုံများကြံ့ခိုင်မှုရှိစေရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန်  စက်တင်ဘာ  ၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ယမန်နေ့ နံနက်ပိုင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့ နယ်နှင့် သန်လျင်မြို့နယ် လျှပ်စစ်မန်နေဂျာ ရုံးတို့သို့သွားရောက်၍ မီတာများစနစ် တကျ မှန်ကန်စွာဖတ်ရှုရေး၊ ယူနစ်ဖတ်ချက် များမှန်ကန်ကြောင်း မီးသုံးသူမှ အတည်ပြု လက်မှတ်ရေးထိုးရေးနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်မှုရှိစေရေးတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်လျှပ်စစ်ဓာတ် အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များသည် ခရမ်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ ၂၃၀ ကေဗွီ ခရမ်းပင်မဓာတ်အားခွဲရုံ၊ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဖွဲပလိုင်ဓာတ်အားခွဲရုံ တို့သို့လည်းကောင်း၊ သုံးခွမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ ၃၃/ ၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဥက္ကံဝဓာတ်အားခွဲရုံ၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ သိုက်တူးကန်ဓာတ်အားခွဲရုံတို့ သို့လည်းကောင်း သွားရောက်စစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ မီတာများ စနစ် တကျမှန်ကန်စွာ ဖတ်ရှုရေး၊ ယူနစ်ဖတ်ချက် များမှန်ကန်ကြောင်း မီးသုံးသူမှအတည်ပြု လက်မှတ်ရေးထိုးရေး၊ ဓာတ်အားခွဲရုံများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်အားခွဲရုံအင်္ဂါရပ်များ နှင့်အညီ စနစ်တကျထိန်းသိမ်းဆောင်ရွက် ရေးအသေးစိတ်မှာကြားကာ ဝန်ထမ်းများ ၏တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင် ရွက်ပေးသည်။



ဆက်လက်၍ သန်လျင်မြို့နယ် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ သူဌေးကွင်းဓာတ်အား ခွဲရုံသို့ သွားရောက်ကာ ဓာတ်အားဖြန့်ဖြူး ပေးထားမှုအခြေအနေများအား ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

သတင်း/ဓာတ်ပုံ

သစ္စာ(mna)

## နေရာကွက်၍ မိုးကြီးနိုင်

၅-၉-၂၀၂၄

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ် နှင့်ကယားပြည်နယ်တို့တွင်နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက် ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ် တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသ ကြီးနှင့်ပြည်နယ်တို့တွင်နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသ ကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# HEALTH

## မိုဘိုင်းဖုန်းများက ဦးနှောက်ကင်ဆာဖြစ်ခြင်းနှင့် ဆက်စပ်မှုမရှိဟု သြစတြေးလျထုတ်ပြန်

မိုဘိုင်းဖုန်းများက ဦးနှောက်ကင်ဆာဖြစ်ခြင်းနှင့် ဆက်စပ်မှုမရှိကြောင်း သြစတြေးလျအစိုးရသိပ္ပံပညာရှင်များက စက်တင်ဘာလ ၄ ရက်တွင် ၎င်းတို့၏ သုတေသနကိုဖော်ပြထားသည်။

ထိုသုတေသနကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏တာဝန်ပေးချက်ဖြင့် သြစတြေးလျ ဓာတ်ရောင်ခြည်ကာကွယ်ရေးနှင့် နျူကလီးယားဘေးကင်းရေး အေဂျင်စီက ၁၉၉၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိလုပ်ခဲ့သမျှသော သုတေသနပေါင်း ၅၀၀၀ ကျော်၏ရလဒ်များကို လေ့လာဆန်းစစ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် မိုဘိုင်းဖုန်းများအသုံးပြုမှု တစ်နေ့တခြားများပြားလာသော်လည်း ဦးနှောက်ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းမှာ လိုက်ပါမြင့်တက်ခြင်းမရှိဘဲ တည်ငြိမ်နေသည်ကိုတွေ့ရသည်။

ထို့ပြင် သုတေသနပညာရှင်များသည် မိုဘိုင်းဖုန်းများကို အချိန်ကြာမြင့်စွာအသုံးပြုခြင်း သို့မဟုတ် အကြိမ်ရေများစွာအသုံးပြုခြင်းတို့နှင့် ကင်ဆာရောဂါဖြစ်ပွားမှုတို့ကြား ဆက်စပ်မှုမရှိသည်ကိုလည်း တွေ့ရှိသည်။

ရေဒီယိုလှိုင်းနှုန်းများနှင့်ထိတွေ့ခြင်းသည် လူသားများတွင်ကင်ဆာဖြစ်စေနိုင်သည့် အကြောင်းရင်းတစ်ခုဖြစ်သည်ဟု ကင်ဆာသုတေသနအပြည်ပြည်ဆိုင်ရာ အေဂျင်စီက ၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်သည်။ ထိုစဉ်က လူသားများကိုလေ့လာမှုမှ အကန့်အသတ်ရှိသော တွေ့ရှိချက်များကိုသာ ကိုးကားနိုင်ခဲ့ကြောင်း ယခုသုတေသီများကပြောသည်။

Ref: IE

K.H



## ဓာတ်ခွဲခန်းထွက် ကမ္ဘာ့ပထမဆုံးပင်မကလာပ်စည်းများက ရိုးတွင်းခြင်ဆီ အစားထိုးမှုကိုကူညီနိုင်

ဓာတ်ခွဲခန်းတွင် ဖန်တီးထုတ်လုပ်ထားသည့် ကမ္ဘာ့ပထမဆုံးပင်မကလာပ်စည်းများသည် ရိုးတွင်းခြင်ဆီအစားထိုးကုသမှုကို ကောင်းစွာကူညီပေးနိုင်မည်ဟု သုတေသနပညာရှင်များကပြောသည်။

ရိုးတွင်းခြင်ဆီအစားထိုးကုသမှုသည် သွေးကင်ဆာ သို့မဟုတ် ရိုးတွင်းခြင်ဆီပျက်စီးသည့်ရောဂါခံစားနေရသူ ကလေးငယ်များစွာ၏အသက်ကို ကယ်တင်ပေးနိုင်သော်လည်း ကိုက်ညီမှုရှိသည့်ရိုးတွင်းခြင်ဆီကိုရှာဖွေရမှုက ကြီးစွာသောစိန်ခေါ်မှုကိုဖြစ်ပေါ်စေသည်။

ယခုအခါ သုတေသနပညာရှင်များက လူများ၏ သွေးတွင်းပင်မကလာပ်စည်းများကို ဓာတ်ခွဲခန်းတွင်တုပဖန်တီးလိုက်နိုင်ပြီဖြစ်သောကြောင့် ရိုးတွင်းခြင်ဆီအစားထိုးကုသမှုခံယူမည့်လူနာနှင့်ကိုက်ညီသောပုံစံကို အလွယ်တကူဖန်တီးနိုင်မည်ဖြစ်သည်။

သြစတြေးလျနိုင်ငံရှိ မားဒေါ့ကလေးငယ်များသုတေသနဌာနမှ ပညာရှင်များသည် သန္ဓေသားလောင်းဘဝတွင်ရှိသည့် သွေးတွင်းပင်မကလာပ်စည်းများနှင့် အနီးစပ်ဆုံးတူညီသည့် အစားထိုးနိုင်သောပင်မကလာပ်စည်းများကို ဖန်တီးနိုင်ခြင်းဖြစ်သည်။ ထိုသွေးတွင်းကလာပ်စည်းများကို အေးခဲခြင်းနှင့် ပြန်လည်အပူပေးခြင်းတို့လုပ်ရာတွင် မူလအာနိသင် ပျက်စီးခြင်းမရှိကြောင်းတွေ့ရသည်။


Ref: IE

K.H



# SPACE & SCIENCE

## Radian One က အဆင့်တစ်ဆင့်သာပါသည့် ပြန်သုံးနိုင်သော အာကာသလေယာဉ်ကိုထုတ်လုပ်မည်



အမေရိကန်မှ Radian One ကုမ္ပဏီက တွန်းကန်အားအဆင့်တစ်ဆင့်သာပါသည့် အကြိမ်ကြိမ်ပြန်အသုံးပြုနိုင်သော အာကာသလေယာဉ်ကို ထုတ်လုပ်သွားတော့မည်ဖြစ်သည်။ မူလက ထိုသို့သောလေယာဉ်ကို NASA နှင့်ဘိုးအင်းတို့ပူးပေါင်း၍ ၁၉၉၀ ပြည့်နှစ်အလွန်ကာလများတွင်ထုတ်လုပ်ရန်စီစဉ်ခဲ့ခြင်းဖြစ်သော်လည်း နည်းပညာအခက်အခဲကြောင့် အကောင်အထည်မပေါ်လာခြင်းဖြစ်သည်။

ယခု Radian One ကထုတ်လုပ်မည့် အာကာသလေယာဉ်သည် သမားရိုးကျ အာကာသလွှတ်တင်ယာဉ်များနှင့်မတူဘဲ ကုန်ကျစရိတ်လည်းအလွန်သက်သာကာ ကြိမ်ဖန်များစွာပြန်လည်အသုံးပြုနိုင်မည့် လေယာဉ်သဘောမျိုး အာကာသယာဉ်ဖြစ်သည်။

၎င်းကို ဒုံးတွန်းကန်အားသုံးစွတ်ဖားလှည်းပေါ်တွင်တင်ကာ နှစ်မိုင်အထိသယ်သွားမည်ဖြစ်ပြီး အရှိန်နှုန်းက တစ်နာရီ ၅၃၇ မိုင်နှုန်းသို့ ရောက်သည့်အခါ ထိုလေယာဉ်က အာကာသထဲသို့ ၎င်း၏ အင်ဂျင်များဖြင့် ဆက်လက်ထွက်ခွာသွားမည်ဖြစ်သည်။ အာကာသမှ ပြန်ဆင်းလာသည့်အခါတွင်လည်း လေယာဉ်ပြေးလမ်းပေါ်သို့သမားရိုးကျအတိုင်း ပြန်ဆင်းနိုင်ကာ ၄၈ နာရီအတွင်း အာကာသခရီးကို နောက်တစ်ကြိမ် ဆက်သွားနိုင်မည်ဖြစ်သည်။

Ref: IE

K.H

## မြေလျှင်များက သလင်းကြောထဲတွင် ရွှေတုံးများကိုချက်လုပ်ခြင်းဖြစ်



သုတေသနပညာရှင်များသည် ရွှေတုံးများမည်ကဲ့သို့ဖြစ်ပေါ်လာသည်ကို လေ့လာမှုများလုပ်ရာ မြေလျှင်များကသလင်းကြောထဲတွင် ရွှေတုံးများကိုချက်လုပ်ခြင်းဖြစ်ကြောင်းတွေ့ရှိသည်။

သုတေသနပညာရှင်များသည် ဓာတ်ခွဲခန်းတွင် ရွှေရည်များပါဝင်သည့်အရည်ထဲသို့သလင်းများကိုထည့်ကာ ထိုသလင်းများကို မြေလျှင်လှုပ်ရှားမှုကြောင့်ထွက်ပေါ်သည့် ဖိအားအတိုင်းဖိလိုက်သည်။

မြေလျှင်မှထွက်လာသောဖိအားက အားကောင်းသောလျှပ်စစ်စက်ကွင်းများကိုဖြစ်ပေါ်စေသည်။ ထိုစက်ကွင်းများက အနီးရှိရွှေမှုန်များကိုဆွဲယူကာ သလင်း၏ မျက်နှာပြင်တွင်တင်ပေးလိုက်ခြင်းအားဖြင့် ရွှေတုံးဖြစ်ပေါ်လာသည်ကိုတွေ့ရသည်။

ယခုနည်းလမ်းကိုတွေ့ရှိခြင်းကြောင့် နောင်တွင် ရွှေကြောရှိမည့်နေရာများကို ခန့်မှန်းမှုများလုပ်ရာ၌ လက်တွေ့အသုံးဝင်လာစေမည်ဖြစ်သည်။

Ref: IE

K.H

## ဂျူပီတာ၏အကြီးဆုံးဂြိုဟ်ရံလကို အချင်းကီလိုမီတာ ၃၀၀ ရှိ ဂြိုဟ်သိမ်တစ်ခုဝင်တိုက်



ဂျူပီတာဂြိုဟ် (ကြာသပတေးဂြိုဟ်)၏ အကြီးဆုံးဂြိုဟ်ရံလကို အချင်းကီလိုမီတာ ၃၀၀ ရှိ ဂြိုဟ်သိမ်တစ်ခုက ဝင်တိုက်လိုက်ခြင်းကြောင့် ထိုလ၏ဝင်ရိုးပင်ပြောင်းလဲသွားရကြောင်း ဂျပန်ရှိ ကိုဘေးတက္ကသိုလ်ကတွေ့ရှိထားသည်။

အဆိုပါဂြိုဟ်သိမ်၏အရွယ်အစားသည် ကမ္ဘာပေါ်တွင် ဒိုင်နိုဆောမျိုးစိတ်များကို ပျက်စီးပျောက်ကွယ်သွားစေသည့် ဂြိုဟ်သိမ်ထက် အဆ ၂၀ ကြီးမားသည်။

ယခုဂြိုဟ်သိမ်၏ဝင်တိုက်ခြင်းခံရသည့် ဂြိုဟ်ရံလဂန်းနမိသည် ကိုယ်ပိုင်သံလိုက်စက်ကွင်းကိုထုတ်လုပ်ကာ ရေတည်ရှိသည့် ထူးခြားသောဂြိုဟ်ရံလဖြစ်သည်။ အရွယ်အစားမှာလည်း မာကျူရီဂြိုဟ်ထက်ပင် ကြီးမားသည်။

ဂန်းနမိတွင်ရေများတည်ရှိနေခြင်းမှာ ၎င်း၏မျက်နှာပြင်တစ်ဖက်သည် ဂျူပီတာကိုအမြဲမျက်နှာမူနေခြင်းကြောင့်ဖြစ်ပြီး မျက်နှာပြင်အများစုတွင် ပြတ်ရွေ့ကြောများစွာတည်ရှိသည်။

Ref: IE

K.H

# အိန္ဒိယက ဒေါ်လာ ၁၇ ဘီလီယံကျော်တန်ဖိုးရှိစစ်လက်နက်များဝယ်မည်

နယူးဒေလီ၊ စစ်ရေး

အိန္ဒိယအစိုးရက အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံကျော်တန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများကို ဝယ်ယူသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထိုစစ်လက်နက်ပစ္စည်းများအနက် ၉၉ ရာခိုင်နှုန်းကို ပြည်တွင်းကုမ္ပဏီများမှဝယ်ယူသွားမည်ဖြစ်သည်။ ထိုသို့ဝယ်ယူခြင်းက ပြည်တွင်းကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုဈေးကွက်ကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုဝယ်ယူရေးတွင် အဓိကထားဝယ်ယူသွားမည့်စစ်လက်နက်မှာ ကြည်းတပ်အတွက် ခေတ်ရှေ့ပြေးတိုက်ယာဉ်များဖြစ်ပြီး အစီးရေ ၁၇၀၀ ခန့်ဝယ်ယူကာ လက်ရှိအသုံးပြုနေသည့် T-72 တင့်များနေရာတွင်အစားထိုးသွားမည်ဖြစ်သည်။

အဆိုပါတိုက်ယာဉ်များသည် သာလွန်သောရွေ့လျားမှု၊ မြေမရွေးသွားလာနိုင်မှု၊ အလွှာပေါင်းစုံကာကွယ်မှု၊ တိကျစွာပစ်ခတ်နိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ ပတ်ဝန်းကျင်ကိုထောက်လှမ်းနိုင်မှုများပါဝင်သောပင်မတိုက်ပွဲဝင်တင့်များဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးကပြောသည်။

အလားတူ ဝယ်ယူရေးအစီအစဉ်တွင် လေကြောင်းရန်ကာကွယ်ရေးရေဒါများ၊ ကမ်းခြေစောင့်တပ်ဖွဲ့အတွက် Dornier-228 လေယာဉ်၊ အမြန်သွားကင်းလှည့်ရေယာဉ်များနှင့် ကမ်းဝေးကင်းလှည့်ရေယာဉ်များလည်းပါဝင်သည်။ ထိုရေယာဉ်များသည် အဆင့်မြင့်နည်းပညာများတပ်ဆင်ထားသည့်အတွက် ခရီးဝေးချီတက်ကင်းလှည့်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

ထိုကဲ့သို့သော အဆင့်မြင့်စစ်လက်နက်ပစ္စည်းများကိုဝယ်ယူခြင်းသည် အိန္ဒိယနိုင်ငံ၏ရေပြင်ပိုင်နက်အတွင်း ကင်းလှည့်ထောက်လှမ်းမှုအပြင် ရှာဖွေကယ်ဆယ်ရေးကိုပါ ကောင်းစွာလုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ **Ref: RT**



# အင်ဒိုနီးရှားက ကလေးလူကုန်ကူးဂိုဏ်းကွင်းဆက်ကို ဖြိုခွင်းလိုက်နိုင်

ဂျကာတာ၊ ရာဇဝတ်မှု

အင်ဒိုနီးရှားရဲတပ်ဖွဲ့က ကလေးလူကုန်ကူးဂိုဏ်းကွင်းဆက်ကို ဖြိုခွင်းလိုက်နိုင်ကြောင်းနှင့် တရားခံရှစ်ဦးကိုပါ ဖမ်းဆီးလိုက်နိုင်ကြောင်းသိရသည်။

ထိုလူကုန်ကူးဂိုဏ်းသည် ဖေ့ဘွတ်မှတစ်ဆင့် မိဘများထံမှမွေးကင်းစကလေးများကိုဝယ်ယူပြီး ဘာလီမြို့၌ဈေးကြီးကြီးဖြင့်ပြန်ရောင်းစားသည်ကိုလည်း ရဲတပ်ဖွဲ့ကဖော်ထုတ်နိုင်ခဲ့သည်။

ရဲတပ်ဖွဲ့သည် လူထု၏သတင်းပေးတိုင်ကြားမှုအပေါ် အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထိုလူကုန်ကူးဂိုဏ်းကို အနောက်ဂျာဗားပြည်နယ် ဒီပေါ့မြို့၌ဖြိုခွင်းလိုက်နိုင်ခြင်းဖြစ်သည်ဟု မြို့နယ်ရဲမှူး အာယာပါဒါနာကပြောသည်။

လူကုန်ကူးသူများသည် ကလေးငယ်များကို ရူပီးယား ၁၀ သန်းမှ ၁၅ သန်းအထိပေးဝယ်ပြီး ဘာလီမြို့တွင် ရူပီးယား ၄၅ သန်းအထိဈေးကြီးကြီးဖြင့် ပြန်ရောင်းချခြင်းဖြစ်သည်။

ထိုလူကုန်ကူးအဖွဲ့သည် နိုင်ငံခြားသားများထံ ကလေးများကိုအဓိကထားရောင်းချခြင်းဖြစ်ပြီး များသောအားဖြင့် ကြိုတင်အော်ဒါကောက်ပြီး ရောင်းချခြင်းဖြစ်သည်ဟုသိရသည်။ **Ref: CNAA**



# OPEC+ က ရေနံတိုးမြှင့်ထုတ်လုပ်မည့်အစီအစဉ်ကိုဆိုင်းငံ့ရန် ဆွေးနွေးနေ

လန်ဒန်၊ စီးပွားရေး

ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့ OPEC+ က မူလစီစဉ်ထားသည့် အောက်တိုဘာလတွင် ရေနံတိုးမြှင့်ထုတ်လုပ်သွားမည့်အစီအစဉ်ကို ဆိုင်းငံ့ရန်ဆွေးနွေးနေသည်ဟုသိရသည်။

ထိုအစီအစဉ်တွင် တစ်ရက်လျှင်ရေနံစည်ပေါင်း ၁၈၀၀၀၀ ကိုတိုးမြှင့်ထုတ်လုပ်ရန်လျာထားခြင်းဖြစ်သည်။ သို့သော် ဈေးကွက်မငြိမ်သက်မှု၊ ဝယ်လိုအားနည်းပါးမှုတို့ကြောင့် ယင်းအစီအစဉ်ကို ဆိုင်းငံ့ရန် ဆွေးနွေးနေရခြင်းဖြစ်ကြောင်း သတင်းအရင်းအမြစ်များက စက်တင်ဘာလ ၄ ရက်တွင်ပြောသည်။

အဖွဲ့ဝင်ရှစ်နိုင်ငံပါ OPEC+ အဖွဲ့သည် တစ်ရက်လျှင် ရေနံစည်သန်းပေါင်း ၂ ဒသမ ၂ သန်းလျှော့ချထုတ်လုပ်နေမှုကို ပြန်လည်ဖြေလျှော့ရေးလုပ်သည့်အနေဖြင့် တစ်ရက်လျှင်ရေနံစည် ၁၈၀၀၀၀ တိုးမြှင့်ထုတ်လုပ်ရန်စီစဉ်ထားခြင်းဖြစ်သည်။

ထိုအဖွဲ့အနေဖြင့် ယခုကဲ့သို့ရေနံလျှော့ချထုတ်လုပ်မှုကို ၂၀၂၅ ခုနှစ်နှစ်ကုန်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ **Ref: RTA**

# သတင်းတိုကဏ္ဍ

## တရုတ်၊ တန်ဇန်နီးယားနှင့် ဇမ်ဘီယာတို့ ရထားလမ်းစီမံကိန်းကိုလက်မှတ်ထိုး

အရှေ့အာဖရိကဒေသအတွင်း ရထားလမ်း-ရေလမ်းပို့ဆောင်ရေးကွန်ရက်ကို တိုးတက်စေရေးအတွက် မီးရထားလမ်းဖောက်လုပ်မည့်စီမံကိန်းတစ်ခု၏ ကနဦးသဘောတူညီချက်ကို တရုတ်၊ တန်ဇန်နီးယားနှင့် ဇမ်ဘီယာအစိုးရတို့က စက်တင်ဘာလ ၄ ရက်တွင် လက်မှတ်ထိုးလိုက်ပြီဖြစ်သည်။

ထိုရထားလမ်းကို တန်ဇန်နီးယားနှင့် ဇမ်ဘီယာနိုင်ငံတို့ကြား ဖောက်လုပ်သွားမည်ဖြစ်သည်ဟု CCTV သတင်းဌာနက ဖော်ပြထားသည်။ ထို့ပြင် တရုတ်-အာဖရိကခါးပတ်ကွင်းနှင့်လမ်းကြောင်းစီမံကိန်း ပူးပေါင်းဆောင်ရွက်မှုအတွက် တန်ဇန်နီးယားကို စံပြသရုပ်ပြနယ်မြေအဖြစ်ဖန်တီးသွားမည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်ကပြောသည်။

အာဖရိကဒေသမှခေါင်းဆောင်များက တရုတ်-အာဖရိကပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့တက်ရောက်ရေးအတွက် တရုတ်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်းသိရသည်။ **Ref: CCTV**

## ထိုင်းဘုရင်က အစိုးရအဖွဲ့သစ်ကို အသိအမှတ်ပြု

ထိုင်းဘုရင် မဟာဝဇီရာလောင်ကွန်းက ဝန်ကြီးချုပ်ဖယ်ထုန်ထန်ရှင်နာဝပ်၏ အစိုးရအဖွဲ့သစ်ကို အသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း စက်တင်ဘာလ ၄ ရက်တွင် နန်းတော်ကထုတ်ပြန်ထားသည်။

ထိုအစိုးရအဖွဲ့သစ်တွင် ဖယ်ထုန်ထန်ရွေးချယ်ထားသော ဒုတိယဝန်ကြီးချုပ်ခြောက်ဦးနှင့် အခြားဝန်ကြီးများအပါအဝင် အစိုးရအဖွဲ့ဝင်ဝန်ကြီး ၃၅ ဦးပါဝင်သည်။ ဖယ်ထုန်ထန်ရှင်နာဝပ်သည် ဝန်ကြီးချုပ်အဖြစ်စတင်တာဝန်ယူပြီးနောက် တစ်လအကြာတွင် အစိုးရအဖွဲ့ကိုဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

ယခုအစိုးရအဖွဲ့တွင် အာဏာရဖူထိုင်းပါတီက ဝန်ကြီးနေရာ ၁၇ ခုကိုရယူထားပြီး ဝန်ကြီးအများစုမှာပြီးခဲ့သည့်အစိုးရအဖွဲ့မှဝန်ကြီးများသာဖြစ်သည်။ ဖူထိုင်းပါတီနှင့်လက်တွဲသော အခြားပါတီများအနေဖြင့် အစိုးရအဖွဲ့၌ဝန်ကြီးနေရာ ၁၉ ခုကိုရယူထားသည်။ အစိုးရအဖွဲ့သစ်က စက်တင်ဘာလ ၆ ရက်တွင် ဘုရင်၏ရှေ့မှောက်၌ ကျမ်းကျိန်သွားမည်ဖြစ်ကြောင်း သိရသည်။ **Ref: Xinhua**

## ဗီယက်နမ်၌လေးရက်အတွင်း ယာဉ်မတော်တဆမှုများကြောင့် ၁၂၄ ဦးသေဆုံး

ဗီယက်နမ်နိုင်ငံ၌ အမျိုးသားနေ့ရုံးပိတ်ရက်လေးရက်ဖြစ်သော ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၃ ရက်အတွင်း ယာဉ်မတော်တဆမှု ၂၅၇ ကြိမ်ဖြစ်ပွားရာ လူ ၁၂၄ ဦးသေဆုံးပြီး ၁၉၃ ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ယခုယာဉ်မတော်တဆဖြစ်ပွားမှုအရေအတွက်နှင့် လူသေဆုံးမှုပမာဏတို့သည် ပြီးခဲ့သည့်နှစ်ကထက် ၉ ဒသမ ၈၂ ရာခိုင်နှုန်းနှင့် ၂၂ ဒသမ ၅၀ ရာခိုင်နှုန်းစီအသီးသီး လျော့ကျလာသည်ဟု အမျိုးသားယာဉ်အန္တရာယ်ကင်းရှင်းရေးကော်မတီက ထုတ်ပြန်ထားသည်။

သို့သော် လမ်းစည်းကမ်းဖောက်ဖျက်မှုအရေအတွက်သည် ၆၀၀၀၀ ကျော်ရှိသောကြောင့် ယမန်နှစ်ကထက် ၂၅၀၀၀ ကျော်ပိုများလာကြောင်း ကော်မတီထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: Xinhua**

## ဂျပန်၌မုန်တိုင်းကြောင့် နှစ်ပေါင်း ၃၀၀၀ ရှိ သစ်ကတိုးပင်ကြီးလဲကျ

ဂျပန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းရှန်ရှန်ကြောင့် ယာကူရှီမာကျွန်းမှ နှစ်ပေါင်း ၃၀၀၀ သက်တမ်းရှိ အလွန်ကြီးမားသောသစ်ကတိုးပင်ကြီးလဲကျသွားကြောင်း ပြည်တွင်းသတင်းဌာနများကဖော်ပြထားသည်။

အမြင့်အားဖြင့် ၂၆ မီတာနှင့်လုံးပတ် ၈ မီတာရှိသော သစ်ကတိုးပင်ကြီးပြိုလဲနေသည်ကို ဧည့်လမ်းညွှန်များကတွေ့ရှိခြင်းဖြစ်ကြောင်း Kyodo သတင်းဌာနက စက်တင်ဘာလ ၃ ရက်တွင်ဖော်ပြထားသည်။

ယာကူရှီမာကျွန်းသည် နှစ်ပေါင်း ၁၀၀၀ ကျော်သက်တမ်းရှိ သစ်ကတိုးပင်များစွာပေါက်ရောက်ရာဒေသဖြစ်သောကြောင့် ၁၉၉၃ ခုနှစ်တွင် ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရသည်။

တိုင်ဖွန်းမုန်တိုင်းရှန်ရှန်သည် ဩဂုတ်လ ၂၇ ရက်မှ ၂၉ ရက်အထိ တစ်နာရီလျှင် ၁၆၈ ကီလိုမီတာနှုန်းဖြင့် ယာကူရှီမာကျွန်းကိုတိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။ မုန်တိုင်းကြောင့် သေဆုံးသူခုနစ်ဦးနှင့် ဒဏ်ရာရသူ ၁၂၀ ကျော်ရှိကြောင်းသိရသည်။ **Ref: Xinhua**

## ရုရှား၏နောက်ဆုံးကန့်သတ်မျဉ်းက ဟာသမဟုတ်ဟုလက်ရော့ပြော

ရုရှားအစိုးရက သတ်မှတ်ထားသည့် နောက်ဆုံးကန့်သတ်မျဉ်းသည် ဟာသမဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ကပြောသည်။

အမေရိကန်က ယူကရိန်းသို့ တာဝေးပစ်ဒုံးကျည်များ ပေးပို့ရန်နီးစပ်နေပြီဟူသောသတင်းထွက်လာပြီးနောက် ရုရှားနိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

အမေရိကန်သည် သူတို့ကိုယ်တိုင်အတွက်သတ်မှတ်ထားသည့်အခြေအနေကိုဖြတ်ကျော်ခဲ့ပြီးဖြစ်ကြောင်း၊ ရုရှားနိုင်ငံကသတ်မှတ်ထားသည့် နောက်ဆုံးကန့်သတ်မျဉ်းကိုမူ ဟာသအဖြစ်မမှတ်စေချင်ကြောင်း၊ ထိုသူများအနေဖြင့် ကိုယ့်အကြောင်းကိုယ်သိကြောင်း လက်ရော့ကပြောထားသည်ဟုသိရသည်။ **Ref: Sputnik**

# အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် (၂၀၄၅) ၏ မဟာဗျူဟာစီမံချက်များ ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ အာဆီယံအသိုက်အဝန်းမဏ္ဍိုင် (၃) ရပ်၏ သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် (၂၀၄၅)၏ မဟာဗျူဟာစီမံချက်များ ရေးဆွဲရေးနှင့်စပ်လျဉ်းသည့် အာဆီယံအသိုက်အဝန်းမဏ္ဍိုင် (၃)ရပ်၏ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံ၏ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက် ဒုတိယအကြိမ် ညှိနှိုင်းပြီးစီးခဲ့ခြင်းအပါအဝင် အာဆီယံမဏ္ဍိုင် (၃)ရပ်နှင့် အာဆီယံပေါင်းစည်းဆက်သွယ်မှုဆိုင်ရာ မဟာဗျူဟာစီမံချက်များ ရေးဆွဲနေမှု၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဟူသည့်အာဆီယံမဏ္ဍိုင်(၃)ရပ်နှင့်အာဆီယံပေါင်းစည်းဆက်သွယ်ရေး ကဏ္ဍအောက်ရှိ သက်ဆိုင်ရာကဏ္ဍအလိုက်အဖွဲ့အစည်းများ (Sectoral bodies) များအနေဖြင့် သက်ဆိုင်ရာ မဟာဗျူဟာစီမံချက်များရေးဆွဲရေးတွင် နီးကပ်စွာညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်တိုက်တွန်းမှာကြားပြီး အာဆီယံစွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးတွင် လူ့စွမ်းအားအရင်းအမြစ်နှင့် အရင်းအမြစ်များ စုစည်းအသုံးချရေးအကြား ကွာဟချက်မရှိစေရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသာမက သက်ဆိုင်ရာအမျိုးသားအာဆီယံဌာနများ ခိုင်မာအားကောင်းရန်လည်းလိုအပ်ကြောင်းကိုလည်း အလေးထားပြောကြားခဲ့သည်။

ထို့နောက် အာဆီယံမဏ္ဍိုင်(၃)ရပ်ကို အဓိကတာဝန် ယူဆောင်ရွက်နေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံချက်များ ညှိနှိုင်းရေးဆွဲနေမှု၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် စိန်ခေါ်မှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက်၏ အဆိုပြုလုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍တက်ရောက်လာသည့်ကိုယ်စားလှယ်များအကြား ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏အတွေးအမြင်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကျင်းပ




ရန်ကုန် စက်တင်ဘာ ၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံရေးရာ၊ သင်တန်းရေးရာ၊ စာပေးစာယူဌာန ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ မော်ကွန်းထိန်း၊ အဆောင်မှူးများနှင့်ဆုရရှိသော ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက အနန္တငါးဖြာသီချင်းဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကေသွယ်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ဒေါ်ခင်ဆွေထွန်း ဖောင်ဒေးရှင်းနှင့် ဒေါ်နုနု ဖောင်ဒေးရှင်းတို့မှ ချီးမြှင့်သော မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့စာတမ်းဖတ်ပွဲတွင် အကောင်းဆုံးပါရဂူကျမ်းဆု၊ အကောင်းဆုံး သုတေသနစာတမ်းဆုများနှင့် မလေးရှားနိုင်ငံ The 5th AsTEN Conferenceတွင် အကောင်းဆုံးစာတမ်းဆုရရှိသူ ဆရာ၊ ဆရာမများ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ရန်ကုန်ပညာရေးတက္ကသိုလ် သင်တန်းနှစ်အသီးသီးမှ ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းတွင်းအားကစားပြိုင်ပွဲများနှင့် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မလေးရှားနိုင်ငံသို့ သိုးနှင့်ဆိတ်အရှင်များ တင်ပို့သွားမည့်မွေးမြူရေး တောင်သူများအတွက် ဈေးကွက်အလားအလာကောင်းပေါ်ထွန်းလာ

နေပြည်တော် စက်တင်ဘာ ၄

မြန်မာနိုင်ငံမှ သိုးနှင့်ဆိတ်အရှင်များကို မလေးရှားနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ သီလဝါဆိပ်ကမ်းရှိ တိရစ္ဆာန်ရောဂါထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း (Animal Quarantine Station–AQS) ပြင်ဆင်ရေး၊ မလေးရှားနိုင်ငံ Department of Veterinary Services မှ ပညာရှင်များ ဖိတ်ခေါ်၍ AQS စခန်းအတည်ပြုနိုင်ရေးနှင့် ရောဂါစူးစမ်းရှာဖွေထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းအတွက် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးလိုအပ်ချက်အစီအမံများကို နှစ်နိုင်ငံညှိနှိုင်းအတည်ပြုချက်ရယူခြင်း၊ မြန်မာနိုင်ငံမှထုတ်ပေးမည့် တိရစ္ဆာန် ကျန်းမာကြောင်းလက်မှတ်မူကြမ်း (Veterinary Health certificate model) ပေးပို့၍ မလေးရှားနိုင်ငံနှင့် အတည်ပြုချက်ရယူခြင်းများကို ၂၀၂၄ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့ရာ နှစ်နိုင်ငံ သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက သိရသည်။

တင်ပို့မည့်သူများအနေဖြင့် သက်ဆိုင်ရာနိုင်ငံ၏အစိုးရဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အချက်အလက်ပြည့်စုံသည့် ကုန်အမှာစာ (Performance Invoice) လက်ခံရရှိရေးဆောင်ရွက်ရန်လိုအပ်ပြီး သိုး၊ ဆိတ်တင်သွင်းမည့်သူမှ လျှောက်ထားလာသည့် နေရာအပေါ်မူတည်၍ တိရစ္ဆာန်စုဆောင်းရပ်ကို စိစစ်သတ်မှတ်သွားမည်ဖြစ်ပြီး ကျန်းမာရေး လိုအပ်ချက်အစီအမံများနှင့်အညီ ရောဂါရှစ်မျိုးစစ်ဆေးခြင်း၊ ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိရစ္ဆာန်အမှတ်အသား (ID Ear-tag) တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောကြားသည်။

သီလဝါ AQS စခန်းတွင် စောင့်ကြည့်ကာလ ၂၁ ရက် ထားရှိရမည်ဖြစ်ပြီး ခွာနာလျှာနာ ရောဂါကာကွယ်ဆေး Trivalent နှစ်ကြိမ်ထိုးနှံခြင်း၊ သားလျှောရောဂါကာကွယ်ဆေး RB 51 ထိုးနှံပေးခြင်း၊ သန်ချခြင်းနှင့် ပြင်ပကပ်ပါးပိုးမွှားများနှိမ်နင်းခြင်း၊ Beta Agonist စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ကာ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပြီး တိရစ္ဆာန်ကျန်းမာကြောင်း လက်မှတ်ရရှိပြီးပါက မလေးရှားနိုင်ငံက သတ်မှတ်ခွင့်ပြုထားသည့် လမ်းကြောင်းမှတစ်ဆင့် တင်ပို့နိုင်မည်ဖြစ်သည်။

လက်ရှိတွင် မလေးရှားနိုင်ငံသို့ သိုးနှင့်ဆိတ်အရှင်တင်ပို့နိုင်ရန် သတ်မှတ်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည့် Mansa Iron & Steel Fabrication & Manufacturing Co., Ltd .က ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ရှိ ယာယီစုဆောင်းရပ်၌ စုဆောင်းထားရှိပြီးဖြစ်သော ဆိတ်အရှင်အကောင် ၁၅၀၀ ကို ပထမအသုတ်အနေဖြင့် တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါကုမ္ပဏီအနေဖြင့် ယခုနှစ်အတွင်း ဆိတ်အရှင် အကောင် ၃၀၀၀၀ တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လာမည့်နှစ်များတွင် တိုးတက်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်တွင်းမွေးမြူရေးတောင်သူများအနေဖြင့် ဆိတ်မွေးမြူရေးလုပ်ငန်းကို ပိုမိုအောင်မြင်အောင်ဆောင်ရွက်နိုင်ပါက ဈေးကွက်အလားအလာကောင်းများရှိနေကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄-၉-၂၀၂၄

| | | | | | |
|---|---|---|---|---|---|
| ရေး | ၇ ဒသမ ၈၀ လက်မ | | ပြင်ဦးလွင် (ဇီးပင်ကြီး) | ၁ ဒသမ ၈၉ လက်မ | |
| ထားဝယ် | ၂ ဒသမ ၈၇ လက်မ | | ချောင်းဆုံ | ၁ ဒသမ ၈၆ လက်မ | |
| လပွတ္တာ | ၂ ဒသမ ၇၂ လက်မ | | ဘားအံ | ၁ ဒသမ ၈၁ လက်မ | |
| သထုံ | ၂ ဒသမ ၅၆ လက်မ | | ကျိုက္ခမီ | ၁ ဒသမ ၇၇ လက်မ | |

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIMCard၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚c | / | ၃၂.၇˚c |
| ရန်ကုန် | ၂၄˚c | / | ၃၂.၀˚c |
| မန္တလေး | ၂၇˚c | / | ၃၅.၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၉-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၁၀ | ၃၁၈၅ | ၃၁၉၅ | ၃၂၁၀ | ၃၁၆၅ | ၃၂၉၀ | ၃၃၂၀ | ၃၁၇၀ | ၃၁၉၀ | ၃၂၂၀ | ၃၂၁၀ | ၃၂၂၀ | ၃၆၂၅ | ၅၅၀၀ |
| 95 Ron | ၃၂၄၀ | ၃၃၂၀ | ၃၂၉၅ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၃၀ | ၃၃၂၅ | ၃၃၅၅ | ၃၃၄၅ | ၃၃၅၅ | ၃၇၆၀ | ၅၇၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၃၅ | ၂၇၁၀ | ၂၆၆၅ | ၂၇၄၀ | ၂၇၅၀ | ၂၇၆၅ | ၂၇၂၀ | ၂၈၄၅ | ၂၈၇၅ | ၂၇၂၅ | ၂၇၄၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၇၅ | ၃၁၈၀ | ၅၅၀၀ |
| HSD (50 ppm) | ၃၂၉၅ | ၃၃၈၀ | ၃၃၅၅ | ၃၃၀၅ | ၃၃၈၀ | ၃၃၉၀ | ၃၄၀၅ | ၃၃၆၀ | ၃၄၈၅ | ၃၅၁၅ | ၃၃၆၅ | ၃၃၈၀ | ၃၄၁၅ | ၃၄၀၅ | ၃၄၁၅ | ၃၈၂၀ | ၅၅၀၀ |
| HSD (10 ppm) | ၃၂၉၅ | ၃၃၈၀ | ၃၃၅၅ | ၃၃၀၅ | ၃၃၈၀ | ၃၃၉၀ | ၃၄၀၅ | ၃၃၆၀ | ၃၄၈၅ | ၃၅၁၅ | ၃၃၆၅ | ၃၃၈၀ | ၃၄၁၅ | ၃၄၀၅ | ၃၄၁၅ | ၃၈၂၀ | ၅၅၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၂ | ၃၀၃၅ |
| 95 Ron | ၃၀၇၄ | ၃၁၆၉ |
| HSD (500 ppm) | ၂၅၁၀ | ၂၅၈၉ |
| HSD (50 ppm) | ၃၁၃၁ | ၃၂၂၃ |
| HSD (10 ppm) | ၃၁၃၁ | ၃၂၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉-၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄


( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေးသို့တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ထွက်ခွာ



ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်သောမြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကို၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ခင်မောင်စိုးနှင့် တာဝန်ရှိသူများက Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် စက်တင်ဘာ ၄

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး 21st ASEAN Chiefs Of Defence Forces Meeting (ACDFM–21) သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စားတက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြသည်။

အဆိုပါ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ဒေသစံတော်ချိန်နံနက် ၁၂ နာရီ ၄၀ မိနစ်ခန့်တွင်ရောက်ရှိကြရာ လာအိုအမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကို၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ခင်မောင်စိုးနှင့် တာဝန်ရှိသူများက Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုခဲ့ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်သောမြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone မှ လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့နှင့် လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲ Lieutenant General Khamlieng Outhakaisone တို့ တွေ့ဆုံဆွေးနွေးစဉ်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးသည် ယနေ့ညပိုင်းတွင် ဗီယင်ကျန်းမြို့ Latsavong Wanda Vista Hotel ၌ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က တည်ခင်းဧည့်ခံသည့် (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေးအထိမ်းအမှတ် ကြိုဆိုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့်အတူ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က တည်ခင်းဧည့်ခံသည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေးအထိမ်းအမှတ် ကြိုဆိုညစာစားပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

# ဆော်ဒီအာရေဗျနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူနှစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်



ရန်ကုန် စက်တင်ဘာ ၄

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့်ကြုံတွေ့ရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အရှေ့အလယ်ပိုင်းနိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့နှင့် Howtat Bani Tamin မြို့တို့တွင် အိမ်အကူလုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မစံပယ်ဖြူနှင့် မနီနီဝင်းတို့အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် ရီရတ်ဒ်မြို့ရှိ မြန်မာသံရုံးသည် လူဝင်မှုကြီးကြပ်ရေးဌာန သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ၎င်းတို့နှစ်ဦးသည် ဆော်ဒီအာရေဗျနိုင်ငံမှ ထွက်ခွာခွင့်(Exit Permit) ရရှိခဲ့၍ စက်တင်ဘာလ ၃ ရက်တွင် ရီရတ်ဒ်-နယူးဒေလီ-ရန်ကုန်လေကြောင်းခရီးစဉ်ဖြင့်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယနေ့ နံနက် ၁၁ နာရီခွဲတွင် ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ်အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံ - ကနူး
ညိမ်းသူ(သတင်းစဉ်)

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင်အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၃)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၇၂၁၈၉၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၅၄၉၄၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၂၇၁၂၉၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၃ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၂၃၁၁၈၇)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၀၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၉၈၂၃၁၁၈၇)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၃ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးသာယာမြို့ အောင်သပြေတိုးဂိတ်အကျော်၌ ဟိုပုံးမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၉)မျိုးနှင့်လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၉၇၈၅၉၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီးနှင့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၇၈၅၉၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၃ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်း စစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ မန္တလေးမြို့သို့ သွားရောက်မည့်မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁၀)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄၀၅၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၂)စီးနှင့် Sun Win Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၉၀၅၉၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၃ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက် မင်းနန္ဒာ(၂)လမ်း၊ အမှတ်(၄၁၄)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၄၉၁၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၃ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်၊ ပြည်လမ်းနှင့် လမ်းသစ်လမ်းအနီး၌ လိုင်စင်မဲ့ Toyota Probox မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၃ ရက်**တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၃၉၄)တန်နှင့် အခြားသစ်(၉ ဒသမ ၃၄၅)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ်၄၄၂၀၅၁)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၃ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၀၇၀)တန်၊ အခြားသစ် (၁ ဒသမ ၁၀၈)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၃၀၇၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၃ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နတ်မောက်မြို့ မြို့မရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၄ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်၊ ဖျာပုံခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်နှင့် မအူပင်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၃)စီးနှင့် မော်တော်ဆိုင်ကယ် (၇)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာလ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၅၇၃၇၀၂)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**


**ပျောက်ဆုံးကြောင်း**
မိုင်ယူမီထွန်း(ဘ)ဦးတင်ထွန်းနိုင် ၈/ဆပဝ(နိုင်)၁၂၆၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စောဝင်း(ဘ)ဦးမောင်နီ ၁၂/ဒဂတ(နိုင်)၀၃၂၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 394754)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကျော်ရဲအောင်(ဘ)ဦးဇော်မင်း ၁၂/သခန(နိုင်)၁၄၉၄၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ချောစု(ဘ)ဦးသောင်းဒန် ၁၂/ဥကတ(နိုင်)၁၉၇၇၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ယုဝတီကျော်(ဘ)ဦးဝင်းကျော်ကျော်၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 141846)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဝတ်ရည်လှိုင်(ဘ)ဦးလွင်မြတ်ဦး ၁၄/ဟသတ(နိုင်)၂၀၄၇၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 275205)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# မီးတောင်ဟောင်း၏ သဘာဝတွင်းထွက်ကျောက်များနှင့် အပူပိုင်းဒေသတွင် အိုအေစစ်သဖွယ် တောတောင်အလှတို့ဖြင့် ခရီးသွားများကိုဆွဲဆောင်နေ

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံ၏ အပူပိုင်းဒေသတွင် အိုအေစစ်သဖွယ် စိမ်းစိုလှပလျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်အနီး၌ တည်ရှိသော ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်တွင် နှစ်ပေါင်း ၃၂၀၀၀၀ ခန့်က မီးတောင်ဟောင်း၏ သဘာဝတွင်းထွက်ကျောက်များနှင့် အိုအေစစ်သဖွယ် တောတောင်စိမ့်စမ်းအလှတို့ဖြင့် ခရီးသွားများ အပန်းဖြေလည်ပတ်နိုင်ရန် ဆွဲဆောင်လျက်ရှိသည်။



ပုပ္ပားတောင်နှင့်ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်သည် ရာသီအလိုက် တောတောင် ရှုခင်းတို့ဖြင့် လှပနေလေ့ရှိပြီး မိုးရာသီ၌ အင်တိုင်းတော၊ သန်း၊ ဒဟတ်တောအတွင်း ပရဆေးဖက်ဝင်အပင်မျိုးစိတ်များ၊ စန္ဒကူးသစ်မျိုးများ၊ ရှားပါးမျိုးစိတ်စာရင်းဝင် ရွှေသမင်နှင့် မျက်ကွင်းဖြူမျောက်မျိုးစိတ်များနှင့် ငှက်မျိုးစုံတို့ကို တောင်ပေါ်လေ့လာရေးခရီးစဉ်နှင့်အတူ လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။

ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ကို ၂၀၂၄ ခုနှစ် မတ်လ ၂၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဘူမိဥယျာဉ် (Geopark)သည် ဘူမိအမွေအနှစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရေမြေတောတောင် သဘာဝအလှတို့ကို စနစ်တကျ ထိန်းသိမ်းကာကွယ်ထားရာ ပညာပေးရေး၊ သုတေသနဖွံ့ဖြိုးရေးတို့အတွက် စနစ်တကျစီမံအုပ်ချုပ်ထားသည့်နိုင်ငံအဆင့် အရေးပါသော ဘူမိဥယျာဉ်တစ်ခုဖြစ်သည်။ နိုင်ငံတော်၏ ရေရှည်မျှော်မှန်းချက်တွင် နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ယနေ့အချိန်ထိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၂ ရာခိုင်နှုန်းကို ဖွဲ့စည်းသတ်မှတ်ပြီးဖြစ်ရာ အမျိုးသားအဆင့် ဘူမိဥယျာဉ်မှတစ်ဆင့် ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်တွင် ဘူမိနယ်မြေ ၁၅ နေရာဖြင့် ဖွဲ့စည်းထားပြီး အဆိုပါဘူမိဥယျာဉ်သည် မြန်မာနိုင်ငံတွင် ပထမဆုံးသော အမျိုးသားအဆင့် ဘူမိဥယျာဉ်တစ်ခုလည်းဖြစ်သည်။

"အပူပိုင်းဇုန်အတွင်းမှာ အေးမြတဲ့တောတောင်တွေနဲ့ ရှေးကျတဲ့ဘူမိရုပ်သွင်တွေ တည်ရှိတဲ့ ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်က ခရီးသွားတွေကို နွေးထွေးစွာကြိုဆိုနေပါတယ်။ ဇီဝမျိုးစုံမျိုးကွဲတွေ ရှင်သန်နေတဲ့အပြင် ရှားပါးတောရိုင်းတိရစ္ဆာန်တွေလည်း ရှိနေပါတယ်။ ရှေးနှစ်ပေါင်းများစွာက မီးတောင်ဟောင်းသဘာဝတွင်းထွက်ကျောက်တွေကို လေ့လာနိုင်တဲ့အပြင် တောတောင်သဘာဝရှုခင်းအလှ၊ ကျေးလက်အလှနဲ့ ဒေသထွက်ကုန်ပေါ်များတဲ့ ခရီးသွားဒေသတစ်ခုဖြစ်တာကြောင့် လာရောက်လည်ပတ်သူအားလုံး စိတ်အေးချမ်းပျော်ရွှင်မှုကို ရရှိစေမှာပါ။ ရှေးဟောင်းယဉ်ကျေးမှုဒေသပုဂံကို သွားရောက်လည်ပတ်ရာမှာ ခရီးတစ်ထောက်နားခိုလည်ပတ်နိုင်တဲ့ ခရီးသင့်တဲ့လမ်းကြောင်းပေါ်မှာ တည်ရှိတာကြောင့် လေ့လာအပန်းဖြေဖို့ အဆင်ပြေစေပြီး ဘူမိနယ်မြေ ၁၅ နေရာကို တစ်ဝကြီး လေ့လာကြည့်ရှုနိုင်အောင် အားလုံးပြင်ဆင်ပေးထားပါတယ်" ဟု ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်အတွင်းရှိ ဘူမိနယ်မြေ(Geosite)များဖြစ်သော ပုပ္ပားတောင်ထိပ်၊ မီးတောင်ပြာကျောက်နှင့် ရေဝတီသဲကျောက်လွှာ၊ ရေဝတီကျောက်လွှာစု၊ တောင်နီတောင်ချယ်ဆီဒိုနီနှင့် မြေစေးတွင်းထွက်၊ ပရဆေးဥယျာဉ်နှင့် ပညာပေးပြခန်း၊ စန္ဒကူးတောနှင့် မြန်မာ့ရွှေသမင်ခြံ၊ ငှက်သိုက်ချောက်ကမ်းပါး၊ ကုန်းပြင်မြင့် ချော်လွှာရှုခင်းသာ၊ ဗဆော့ဆန်သော ချော်ရည်စီးကြောင်းနေရာ၊ တောင်ပေါ်ရွာ(တောင်) ရှုခင်းသာ၊ ပုပ္ပားတောင်ကလပ် အင်ကြင်းကျောက်၊ တောင်နားတောင်ရှုခင်းသာ၊ ပုပ္ပားတောင်မကြီးမီးတောင်ဝနှင့် ဂဲမိုးအိုင်လေ့လာရေးနေရာတို့သို့ စိတ်လက်ပေါ့ပါးစွာ လာရောက်အပန်းဖြေ ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်းသိရသည်။

**ဓာတ်ပုံ - ပုပ္ပားတောင်အမျိုးသား ဘူမိဥယျာဉ်**

**ညိမ်းသူ(သတင်းစဉ်)**

# ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း အုပ်စုအဆင့်မှ စတင်ကစားရမည်

**ရန်ကုန် စက်တင်ဘာ ၄**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ရောက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် အာဆီယံဒေသတွင်းမှ မြန်မာအသင်းအပါအဝင် အသင်းလေးသင်းက အုပ်စုအဆင့်မှ တိုက်ရိုက်ကစားရမည်ဖြစ်ပြီး ကျန်ခြောက်သင်းမှာ ခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်ကာ ခြေစစ်ပွဲအဆင့်မှ လေးသင်းသည် အုပ်စုအဆင့်တက်ရောက်ကစားရမည်ဖြစ်သည်။

၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ အဆင့်သတ်မှတ်ချက်များအရ မြန်မာအမျိုးသမီးအသင်း၊ ထိုင်းအမျိုးသမီးအသင်း၊ ဗီယက်နမ်အမျိုးသမီးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးအသင်းတို့မှာ အုပ်စုအဆင့်မှ တိုက်ရိုက်ကစားရမည်ဖြစ်ပြီး ကမ္ဘောဒီးယားအမျိုးသမီးအသင်း၊ အင်ဒိုနီးရှားအမျိုးသမီးအသင်း၊ မလေးရှားအမျိုးသမီးအသင်း၊ လာအိုအမျိုးသမီးအသင်း၊ စင်ကာပူအမျိုးသမီးအသင်းနှင့် တီမောလက်စ်တေအမျိုးသမီးအသင်းတို့မှာ ခြေစစ်ပွဲစဉ်များကစားပြီးမှသာ လေးသင်းက အုပ်စုအဆင့်တက်ရောက်မည်ဖြစ်သည်။

၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကို လာအိုနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာလ ၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## ထူးခြားသည့်နေ့အပူချိန်များ

၄-၉-၂၀၂၄

| | | | | |
|---|---|---|---|---|
| ချောက် | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

(လေကြောင်းမိုးလေဝသ)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Leo Kyaw (Kyaw Soe Moe)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၁)ရပ်ကွက်နေ ကျော်စိုးမိုးအား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Min Maung Maung" Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေ မင်းမောင်၊ "Si Thu Aung" Facebook အကောင့်နှင့် "Si Thu Aung" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်နေ စည်သူလှိုင်(ခ) ကိုလှိုင်တို့အား မွန်းလွဲ ၁ နာရီ ၂၀ မိနစ်တွင်လည်းကောင်း၊ "@zarchi 20023" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ဆူးလေကုန်းရပ်ကွက်နေ ဇာခြည်နွယ်(ခ) နွယ်နွယ်အား ည ၇ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "tintinwinnaing" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စဉ့်ကူးမြို့နယ်၊ ဇီးကျွန်းကျေးရွာနေ တင်တင်မာအား ည ၈ နာရီခွဲတွင်လည်းကောင်း၊ "Myayadana Bo" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ အောင်မြေရပ်ကွက်နေ သီတာမိုး(ခ)ကူးကူးအား ည ၁၀ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Myo Ma Ma" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ အမှတ်(၃)ရပ်ကွက်နေ မျိုးမမ(ခ)ပေါက်ပေါက်အား ည ၁၀ နာရီ ၄၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေစုဘဏ်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ချေးငွေများထုတ်ချေးခြင်း
ဘဏ်အာမခံလုပ်ငန်း
ငွေပေးအမိန့်လွှာလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၇)ခု
နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )
(၀၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ
ကိစ္စရပ်များအား အင်းဝဘဏ်လီမိတက်ဘဏ်ခွဲများတွင်
လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၁၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၀၂၀၁၊ ၂၈၄၈၄၃


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု
မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့၏အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသော သိက္ခာရှိသည့်ရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ် . . .
❖ ဦးတည်ချက်များတွင် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဟုပါဝင် . . .
❖ မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ပြီးစီးပါက ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကို လွှဲပြောင်း၍ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ခေါ်ယူဆောင်ရွက်သွားရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၁/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## လွိုင်ကော်ဒေသအတွင်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ၊ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြန်လည်ပြင်ဆင်ပေးမည်ဖြစ်၊ အများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဦးစားပေး၍ ဆောင်ရွက်ပေးသွားမည်




နေပြည်တော် စက်တင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၌တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ✩



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Internet & Mobile Banking Services
Account Transfer
Mobile Topup (Phone Bill)
Remittance
Cardless ATM Withdrawl
Credit Card Payment
Tax Payment
Secure, Secret, Swift and Correct, Myawaddy Bank
24 ~ (01) 2301421, 2317166
Phone No : (01) 2301367, 2301368, 2301452, 2301378
MPU UnionPay